# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကဝင်(ဓမ္မပဒ-၂၁၇)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၀၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော် အားကစားပြိုင်ပွဲ(International Army Games-2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ ($3^{rd}$ World Cadet Games-2022)တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၃၀**

(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော် အားကစားပြိုင်ပွဲ (International Army Games– 2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ ($3^{rd}$ World Cadet Games–2022) တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှို့ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အရာခံဗိုလ် ကျော်ကျော်ဝင်းအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ ဖတ်စရာ

**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး**

ပြည်တွင်းသတင်း | စာ - ၆

**ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများက သီးနှံသားငါးများကို နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးများသို့ လှည့်လည်ရောင်းချပေးလျက်ရှိ**

ပြည်တွင်းသတင်း | စာ - ၉

မြန်မာ့အလင်း

# ပြည်တွင်းစီးပွား အားပေးကူညီ

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားနှင့် အငယ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၈ ရက် နှင့် ၂၉ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာစက်မှုဇုန်နှင့် မန္တလေးစက်မှုဇုန်တို့သို့ သွားရောက်ကာ မိတ္ထီလာခရိုင်နှင့် မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အလတ်စားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လမ်းညွှန်မှာကြား တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားနှင့် အငယ်စားစီးပွားရေးလုပ်ငန်း လေးသောင်းကျော်ရှိရာ ၂၀၁၅ ခုနှစ် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်းအရ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း အရေအတွက် အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍ (Manufacturing Sector) တွင်ရှိပြီး စုစုပေါင်းလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်မှာ လုပ်ငန်းငယ်များသာ ဖြစ်သည်။ မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်း ကုန်ထုတ်လုပ်မှု စစ်တမ်း (၂၀၁၇) တွင်မူ ထုတ်လုပ်မှုလုပ်ငန်းအများစုသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိကြပြီး တောင်ပိုင်းကမ်းရိုးတန်း ဒေသတစ်လျှောက်တွင် နည်းပါးကြောင်း၊ စားသောက်ကုန်လုပ်ငန်းသည် ထုတ်လုပ်မှုကဏ္ဍ၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှု လွန်စွာနည်းပါးကာ နည်းပညာပိုင်းလည်း နိမ့်ပါးကြောင်း၊ လုပ်ငန်းများအားလုံးသည် လျှပ်စစ်မီးနှင့် ရေပေးဝေရေးစနစ်မှ ဖြန့်ဝေသောရေကို အပြည့်အဝမရရှိကြကြောင်း၊ လက်ဖြစ်ကိရိယာ (Hand Tool) များနှင့် အသုံးပြုပြီး စက်ယန္တရား အဟောင်းများနှင့် တစ်ပတ်ရစ်များ (Old and Second Hand Machinery) များကို မှီခိုလုပ်ကိုင်နေကြရကြောင်း၊ ပြည်ပမှတင်သွင်းသည့် စက်ပစ္စည်း၊ နည်းပညာ (Technology Through Imports) များကို အသုံးပြုဆောင်ရွက်သည့် လုပ်ငန်းများမှာ ၂၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ သို့ဖြစ်သည့်အတွက် ဈေးကွက်လက်လှမ်းမီနိုင်သည့် နိုင်ငံတကာ အဆင့်အတန်းမီမှု လွန်စွာနည်းပါးကြောင်း စသည်တို့ပါဝင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မိတ္ထီလာစက်မှုဇုန်နှင့် မန္တလေးစက်မှုဇုန်တို့မှ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကုန်ကြမ်းများ ရရှိရေး၊ လိုအပ်သည့်ငွေကြေးများရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးတို့ အပါအဝင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားမှုများ၊ တိုက်တွန်းအားပေးမှုများကို ပြုလုပ်ပေးခဲ့ရာ ပြည်တွင်းကုန်ထုတ်လုပ်မှု၏ အဓိကမဏ္ဍိုင်သဖွယ်ဖြစ်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသည့် အင်အားကို ဖြစ်ပေါ်စေပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

# (၉) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညီလာခံနှင့် (၄) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၉) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညီလာခံနှင့် (၄)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ Video Conference စနစ်ဖြင့် ကျင်းပသည်။

(၉) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့(IALI)၊ တရုတ်နိုင်ငံ၊ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန (MEM)၊ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာန (MHLW)၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအေဂျင်စီ (KOSHA) တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ASEAN-OSHNET Excellence Award နှင့် ASEAN-OSHNET Best Practices Award ဆုရရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညီလာခံကို ယခုနှစ် မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် "Strengthening OSH Inspection Systems for Better Workplace" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထိရောက်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနည်းစနစ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပုံမှန်စစ်ဆေးခြင်းစနစ်မှ Digital Platform စစ်ဆေးခြင်းစနစ်သို့ တဖြည်းဖြည်း အသွင်ကူးပြောင်းလာကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက် ကောင်းမွန်စေရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi က အာဆီယံ၏ စီးပွားရေးတိုးတက်မှုလမ်းကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို မြှင့်တင်နိုင်ရေး အာဆီယံအနေဖြင့် သိသာထင်ရှားသည့် အားထုတ်မှု လုပ်ဆောင်ထားပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကတိကဝတ်များ အားကောင်းခိုင်မာစေရေး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ညီလာခံ၏ ခေါင်းစဉ်နှင့်အညီ ပါဝင်ဆွေးနွေး အကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် (၄) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးဝင်းရှိန် က ဒေသတွင်းလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်ကောင်းမွန်သည့် ကုမ္ပဏီများကို အများပြည်သူသိရှိစေရန်နှင့် အသိအမှတ်ပြု ဆုများချီးမြှင့်ပေးရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးပုံရိပ်အား မြှင့်တင်ပေးရန် ရည်ရွယ်ချက်များဖြင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၁၆ ခုနှစ်မှစ၍ နှစ် နှစ်လျှင် တစ်ကြိမ် အာဆီယံ အဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်အဖြစ် အလှည့်ကျကျင်းပပြုလုပ်ခဲ့ပြီး ယခုစတုတ္ထအကြိမ်တွင် မြန်မာနိုင်ငံက လက်ခံကျင်းပခွင့် ရရှိခဲ့ကြောင်းနှင့် အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး အခန်းကဏ္ဍ တိုးတက်ရန် များစွာအထောက်အကူဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆုရရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများကို ဆုတံဆိပ်နှင့် ဆုလက်မှတ်များ ချီးမြှင့်သည်။

ASEAN-OSHNET Excellence Award ဆုအား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားကောင်းမွန်စွာ ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြုရန်နှင့် ASEAN-OSHNET Best Practices Award ဆုကို အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အထ၊ ကျင့်စဉ်များ ချမှတ်ဆောင်ရွက်မှုကို အားပေးချီးမြှောက်ရန်အတွက် နှစ် နှစ်လျှင် တစ်ကြိမ် ပေးအပ်ချီးမြှင့်လျက်ရှိရာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ (၄) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမှ Excellence Award (၁)ဆုနှင့် Best Practices Award (၁) ဆုတို့ကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Games– 2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd World Cadet Games–2022) တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် တပ်ကြပ် စိုးပေ အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သူတစ်ဦးအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

❖ *ရှေ့ဖုံးမှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများနှင့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games–2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd World Cadet Games–2022)တို့တွင် ဆုရရှိခဲ့သည့်ကစားသမားများ တက်ရောက်ကြသည်။

**နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှု ဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံတော်ကို စွမ်းအားပြည့် ကာကွယ်စောင့်ရှောက်ရေးအတွက် ခေတ်မီတပ်မတော်များအဖြစ် အပြိုင်အဆိုင် တည်ဆောက်လျက်ရှိရာ အရည်အသွေးပြည့်ဝသည့် စစ်အသုံးအဆောင်ပစ္စည်းများနှင့် အားဖြည့်ရုံသာမကဘဲ စွမ်းရည်ထက်မြက်သည့် တပ်မတော်တစ်ရပ်ဖြစ်စေရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ မလျော့သော ဇွဲ၊ လုံ့လ ရှိမှုများအပြင် စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မှုရှိစေရေးအတွက် အစဉ်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ မိမိတို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထိရောက်ထက်မြက်စွာ ထမ်းဆောင်နိုင်ရေး **“အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး”** ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင် ဖြစ်ကြောင်း၊ ကာကွယ်ရေးဆိုရာတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်း၊ ပြည်ပရန်စွယ်မှန်သမျှကို ကာကွယ်စောင့်ရှောက်ရေးတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ကိုလည်း ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုကိုဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင် ဖြစ်ကြောင်း၊ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ပေါ်လွင်စေနိုင်ကြောင်း၊ အားကစားပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တပ်မတော်သားများအနေဖြင့် တိုင်းချစ်၊ ပြည်ချစ်စိတ်ကို အရင်းခံသည့် အားကစားစိတ်ဓာတ်နှင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ တိုင်းပြည်ချစ်စိတ်ရှိမှလည်း တိုင်းပြည်ကို ကာကွယ်လိုစိတ်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည် ကာကွယ်လိုစိတ်အပေါ် အရင်းခံ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုဂုဏ်ယူကြောင်း။

ပြိုင်ပွဲများတွင် တပ်မတော်သားများအနေဖြင့် တပ်မတော်သားပီပီ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် နိုင်ငံတော် အကျိုးကို မည်သည့်နေရာကမဆို ဆက်လက်သယ်ပိုးလိုသည့် စိတ်ဓာတ်ထားရှိသည်ကို တွေ့ရှိရကြောင်း၊ အင်ဒိုနီးရှားသမ္မတ နိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မိမိတို့မြန်မာနိုင်ငံက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မြားပစ်နှင့် မသန်စွမ်းဘောလုံးအားကစားနည်းတို့တွင် စုစုပေါင်းဆုတံဆိပ် ၄၃ ခု ရရှိခဲ့ပြီး ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခုနှင့် နိုင်ငံအလိုက် အဆင့် ၆ တွင် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရရှိသူများအနက် မိမိတို့ တပ်မတော်သား အားကစားသမား ၉ ဦးက ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၄ ခုနှင့် ကြေးတံဆိပ် ၉ ခု စုစုပေါင်းဆုတံဆိပ်မျိုးစုံ ၁၈ ခုကို ဆွတ်ခူးပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်ကစပြီး နှစ်နှစ် တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများတွင် တိုင်းပြည်အတွက်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သည့် တပ်မတော်သားများသည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို ဆောင်ကြဉ်းပေးခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရှေ့နောင်တော်များ၏ အစဉ်အလာကောင်းများအပြင် မိမိတို့ရရှိခဲ့သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သည့် အခြားတပ်မတော်သားများကိုလည်း မိမိတို့၏ ကျန်းမာရေးအတွက်ပင်ဖြစ်ဖြစ် နိုင်ငံတော်နှင့် တပ်မတော်အကျိုးအတွက် အားကစားနှင့်မြှင့်တင်မည့်စိတ်ဖြင့် အားကစားကို လေ့လာလိုက်စားကြရေးလှုံ့ဆော်ပေးသွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်းကြီး ၃ ရပ်တွင် ဒုတိယအချက်ဖြစ်သည့် လေ့ကျင့်ရေးတာဝန်နှင့် ပတ်သက်ပြီး မိမိတို့သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် မိမိတို့သင်ကြား လေ့ကျင့်ထားသည့် စစ်ပညာများကို ကျွမ်းကျင်မှုရှိအောင် စဉ်ဆက်မပြတ် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာစစ်ဘက် အဖွဲ့အစည်းများ၏ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိစေရေးအတွက် နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(International Army Games)ကို ၂၀၁၈ ခုနှစ်ကစတင်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုဆိုလျှင် (၅) ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ်ဝင်ရောက်ယှဉ်ပြိုင်သည့် International Army Games ပြိုင်ပွဲတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံနှင့်အတူ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ၊ Emergency Area ပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့တပ်မတော် တင့်တပ်ဖွဲ့ဝင်များအနေဖြင့် International Army Games တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon ကို ယခုနှစ် အပါအဝင် (၅) ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲဝင် ၂၂ သင်းအနက် အဆင့် ၁၆ ၊ ၂၀၁၉ ခုနှစ် Division–2 တွင် ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့် ၅ ၊ ၂၀၂၀ ပြည့်နှစ် Division–2 တွင် ပြိုင်ပွဲဝင် ၈ သင်းအနက် အဆင့် ၄ ၊ ၂၀၂၁ ခုနှစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(International Army Games–2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ(3rd World Cadet Games–2022) တို့တွင် ဆုရရှိခဲ့ကြသည့် တပ်မတော်သားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

Division–2 တွင် ပြိုင်ပွဲ ဝင် ၈ သင်း အနက် အဆင့် ၃ ရရှိခဲ့ပြီး ယခုနှစ် Division–2 ၌ ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၁ ရရှိခဲ့ကြောင်း၊ တစ်ဆက်တည်း၌ပင် လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၌ အသင်းလိုက်စွမ်းရည်ပြိုင်ပွဲ တတိယဆု၊ အမြန်ဆုံး လက်ဖြောင့်စစ်သည်ပြိုင်ပွဲတွင် တတိယဆုတို့ ရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၇ နိုင်ငံအနက် အဆင့် ၄ နေရာ၊ ဆေးတပ်ဖွဲ့စွမ်းရည် ပြိုင်ပွဲတွင် ဖွဲ့သတ္တိဆု ရရှိခဲ့သည်ကို တွေ့ရကြောင်း။

ယခုနှစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲလည်းပါဝင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် ဂီတကိုဖော်ကျူးနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး တီးခတ်မှု တူရိယာပြိုင်ပွဲတွင် ပထမဆု၊ ရုရှားသီချင်း စုံတွဲအဆိုပြိုင်ပွဲတွင် ပထမဆု၊ တစ်ဦးချင်း အမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာအကပြိုင်ပွဲတွင် တတိယဆုတို့အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှု People's Choice Award ၌ ပထမဆု၊ ယဉ်ကျေးမှုပြခန်းပြိုင်ပွဲတွင် တတိယဆု၊ ယဉ်ကျေးမှုပြခန်းခင်းကျင်းမှု အကောင်းဆုံးဆု၊ ရိုးရာဝတ်စုံ အကောင်းဆုံး ပထမဆုနှင့် စစ်ဘက်ဆိုင်ရာချစ်ကြည်ရင်းနှီးမှုတည်တံ့စေမှုဆုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၇ နိုင်ငံအနက် အဆင့် ၇ နေရာကို ထိုက်ထိုက်တန်တန် ရရှိခဲ့သည်ကို တွေ့ရကြောင်း။

ထို့အပြင် ယခုနှစ်တွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ(3rd World Cadet Games) တွင် အားကစားနည်း ၇ မျိုးအနက် ၃ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရိုင်ဖယ်သေနတ်ပစ် တစ်ဦးချင်းအမြန် ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပထမဆု၊ ရိုင်ဖယ်သေနတ်ပစ်အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ဒုတိယဆု၊ ပစ္စတိုသေနတ်ပစ်တိကျပစ်ခတ်ခြင်း အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုနှင့် ပစ္စတိုသေနတ်ပစ် အသင်းလိုက်အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ယှဉ်ပြိုင်ခဲ့ရာ အဆင့် ၈ နေရာ ရရှိခဲ့သည်ကိုတွေ့ရကြောင်း။

## နိုင်ငံတော်နှင့် တပ်မတော်ကိုယ်စား အထူးဂုဏ်ယူဝမ်းမြောက်

မိမိတို့ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာအားကစားပြိုင်ပွဲများ၏ အောင်မြင်မှုရလဒ်များကို ပြန်လည်သုံးသပ်ကြည့်ပါက တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှု မြင့်တက်လာသည်ကိုတွေ့ရှိရသဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကိုယ်စားအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ အဆင့်တိုးတက်လာခြင်းသည် တစ်ဦးချင်း၏ လေ့ကျင့်သားပြည့်ဝမှုနှင့် စုစည်းညီညွတ်မှုရလဒ်များကြောင့်ပင် ဖြစ်ကြောင်း၊ မည်သည့် အားကစားမဆို **“ယှဉ်ပြိုင်ခြင်းသည် အဓိက”** ဟု ဆိုသော်လည်း နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည်ဟူသည့် ပြင်းပြသည့် ရည်မှန်းချက်ထားပြီး တပ်မတော်သားပီပီ နိုင်ငံတော်နှင့် တပ်မတော်အတွက် မလျော့သောဇွဲ၊ လုံ့လ၊ ဝီရိယ၊ တပ်မတော်သားများတွင်ရှိပြီးကောင်းမွန်သည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲမျိုးစုံတွင် အောင်မြင်မှုကို ထိုက်ထိုက်တန်တန် ရရှိခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

အုပ်ချုပ်သူနှင့်နည်းပြများအနေဖြင့်လည်း ယခုကဲ့သို့ဆုများရရှိအောင် သင်ကြားပြသပေးနိုင်မှုအပေါ် ဂုဏ်ပြုအသိအမှတ်ပြုသလို ပြီးခဲ့သည့် ပြိုင်ပွဲများတွင် မိမိတို့ ကစားသမားများ၏ အားနည်းချက်၊ အားသာချက်များအပြင် အခြားပြိုင်ပွဲဝင်နိုင်ငံများ၏ အားသာချက်များကိုသုံးသပ်ပြီး အောင်မြင်မှုများ ပိုမိုမြင့်မားလာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အားကစားသမားများကိုလည်း ရဲဘော်စိတ်ထားရှိပြီး အောင်ပွဲခံလိုစိတ်ဖြင့် ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားကြရန် ဖြည့်စွက်မှာကြားလိုကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်သည်ကို မှတ်ယူထားကြရမည်ဖြစ်ကြောင်း၊ ဆုရအားကစားသမားများအနေဖြင့် လက်ရှိရရှိထားသည့် အောင်မြင်မှုမှ လျော့ကျသွား

*စာမျက်နှာ ၅ သို့*

- ☆ **တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင်ဖြစ်၊ ကာကွယ်ရေးဆိုရာတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်း၊ ပြည်ပ ရန်စွယ်မှန်သမျှကို ကာကွယ်စောင့်ရှောက်ရေးတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ကိုလည်း ကာကွယ်စောင့်ရှောက်ရမည်ဖြစ်**
- ☆ **ထို့ကြောင့် မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်**
- ☆ **အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ပေါ်လွင်စေနိုင်**
- ☆ **အားကစားပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တပ်မတော်သားများအနေဖြင့် တိုင်းချစ်၊ ပြည်ချစ်စိတ်ကို အရင်းခံသည့် အားကစားစိတ်ဓာတ်နှင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ၊ တိုင်းပြည်ချစ်စိတ်ရှိမှုလည်း တိုင်းပြည်ကို ကာကွယ်လိုစိတ်များ ပေါ်ပေါက်လာမည်**
- ☆ **တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည်ကာကွယ်လိုစိတ်အပေါ် အရင်းခံ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုဂုဏ်ယူ**

*စာမျက်နှာ ၄ မှ*

ခြင်းမရှိအောင်၊ လက်ရှိရရှိထားသည့် အောင်မြင်မှုထက်ပိုမိုသည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြသူများဖြစ်အောင် မိမိကိုယ်မိမိ စဉ်ဆက်မပြတ် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်အတွက် အမျိုးကိုချစ်စိတ်၊ နိုင်ငံ့ချစ်စိတ်ကို စဉ်ဆက်မပြတ်ထားရှိပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်းနှင့် နောင်မျိုးဆက်သစ်လူငယ်များအတွက် ဂုဏ်ယူလေးစားဖွယ် စံနမူနာကောင်းများကို လက်ဆင့်ကမ်းဖြန့်ဝေသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ထို့နောက် တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(မီတာ ၄၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၄၀၀)(အသင်းလိုက်ပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၂၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် အရာခံဗိုလ် ကျော်ကျော်ဝင်း၊ ပြေးခုန်ပစ်(မီတာ ၁၀၀)နှင့်(မီတာ ၂၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု(၂)ဆု၊ ပြေးခုန်ပစ်လက်ဆင့်ကမ်း(မီတာ ၄၀၀)(အသင်းလိုက်ပြိုင်ပွဲ) ၌ ငွေတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ် စိုးပေ၊ ပြေးခုန်ပစ် (သံလုံးပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ (သံပြားပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် တပ်ကြပ် ဇော်မင်းလွင်၊ (ပြေးခုန်ပစ်)(လှံတံပစ်)(တစ်ဦးချင်း ပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် (သံလုံးပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်ကြီး တင်ညိုတို့ကိုလည်းကောင်း၊ နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲ(Interna–tional Army Games–2022) တင့်ကား မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Division(2) တွင် အသင်းလိုက် ပထမဆုရရှိခဲ့သည့်

**အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်ကစပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်၊ ယင်းပြိုင်ပွဲများတွင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့သည့် တပ်မတော်သားများသည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆောင်ကြဉ်းပေးခဲ့ကြသည်ကို တွေ့ရှိရမည်၊ ရှေ့နောင်တော်များ၏ အစဉ်အလာကောင်းများအပြင် မိမိတို့ရရှိခဲ့သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းကြရန် မှာကြားလို**

ပြိုင်ပွဲဝင် အဖွဲ့ (၁) ကိုယ်စား ဗိုလ်ကြီး ထင်အောင်ကျော်၊ အဖွဲ့(၂) ကိုယ်စား ဗိုလ်ကြီး သန်းတိုးအောင်၊ အဖွဲ့(၃) ကိုယ်စား ဗိုလ်ကြီး ထွန်းတောက်နိုင်တို့ကိုလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(သံလုံးပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ (လှံတံပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆု၊ သံပြားပစ် (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယတပ်ကြပ် အောင်ထွန်းလင်း၊ ပြေးခုန်ပစ် (လှံတံပစ်)(တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် (အမြင့်ခုန်)(တစ်ဦးချင်းပြိုင်ပွဲ) ၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယတပ်ကြပ် စိုးသန်း၊ နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲ (International Army Games–2022) ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ အတီးပြိုင်ပွဲတွင် အသင်းလိုက် ပထမဆုရရှိခဲ့သည့် တပ်ကြပ် အောင်အောင်ထက်နှင့် တပ်သား (အစားခန့်) ပိုင်ဇေကျော်၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ ရုရှားသီချင်းဆို ပြိုင်ပွဲတွင် စုံတွဲပထမဆုရရှိခဲ့သည့် တပ်ကြပ်ကြီး(အစားခန့်) စိုးမင်းနိုင်၊ ရုရှားသီချင်းဆိုပြိုင်ပွဲ စုံတွဲပထမဆုနှင့် တစ်ဦးချင်း ဒုတိယဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်ကြီး (အစားခန့်) ထူးကုန္ဒာကျော်တို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (Internati–onal Army Games – 2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3[rd] World Cadet Games–2022) တို့တွင် ဆုရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့် ဆုရရှိအောင် နည်းပြပေးခဲ့ကြသည့် နည်းပြများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

### ကျေးဇူးတင်စကားပြန်လည်ပြောကြား

ထို့နောက် ဆုရရှိသည့် အားကစားသမားများနှင့် နည်းပြများကိုယ်စား ဗိုလ်ကြီး သန်းတိုးအောင်က (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games–2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ(3[rd] World Cadet Games–2022)တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေများနှင့် တပ်မတော်သား အားကစားသမားများ၏ ကြိုးစားအားထုတ်မှုများအပေါ် ယခုကဲ့သို့ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၊ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားဖြင့် တပ်မတော်ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၊ နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့မှလည်း တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ(International Army Games–2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ(3[rd] World Cadet Games–2022) တို့တွင် ဆုရရှိခဲ့ကြသည့် တပ်မတော်သားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှု ကျီကုန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ ကျီကုန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို အဆိုပါတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်ကာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကျီကုန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကလေးတပ်နယ် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များကို သွားရောက်ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) တို့နှင့် ယနေ့ နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနရှိ စတုတ္ထနေ့အဖြစ် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ဆွေးနွေးရာတွင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) အဖွဲ့ကိုလည်းကောင်း တစ်ဖွဲ့ချင်း သီးခြားစီလက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနရှိ စတုတ္ထနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ အတွင်းရေးမှူး (၂) စဝ်စိုင်းဆုတို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် ၄ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုက တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား နိဂုံးချုပ်စကား ပြောကြားသည်။ ဆက်လက်၍ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ချက်မှတ်တမ်းစာအုပ်နှင့် စာအုပ်စာစောင်များ၊ MRTV DTH Receiver ၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု တို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးလဲလှယ်စဉ်။



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ တို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးလဲလှယ်စဉ်။



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင် တို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးလဲလှယ်စဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Sinopharm နှင့် Myancopharm ဆေးများကို ယနေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့သို့ Sinopharm ဆေးအလုံး ၁၀၀၊ Myancopharm ဆေးအလုံး ၄၄၀ နှင့် ဆေးထိုးအပ်များ၊ တီးတိန်မြို့သို့ Myancopharm ဆေးလုံး ၉၀ နှင့် ဆေးထိုးအပ်များ၊ တွန်းဇံမြို့သို့ Myancopharm ဆေး ၄၈ လုံးနှင့် ပလက်ဝမြို့သို့ Myancopharm ဆေး ၄၃၄ လုံးနှင့် ဆေးထိုးအပ်များ၊ မတူပီမြို့နှင့် မင်းတပ်မြို့သို့ ဆေးထိုးအပ်များ၊ ဂန့်ဂေါမြို့သို့ ဆေးထိုးအပ်များ၊ ဟားခါးမြို့သို့ ဆေးထိုးအပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ Sinopharm ဆေးအလုံး ၂၄၀၀၀၊ Myancopharm ဆေးအလုံး ၁၀၀၀၀၊ ဆေးထိုးအပ်များ၊ ကလေးမြို့သို့ Myancopharm ဆေးအလုံး ၆၀၀၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ Sino-pharm ဆေးအလုံး ၂၀၀၀၊ ဆေးထိုးအပ်များ၊ ကယားပြည်နယ် လွိုင်ကော်မြို့သို့ Sinopharm ဆေး ၂၇၃၉ လုံး၊ Myancopharm ဆေး ၈၃၉ လုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ Sinopharm ဆေးအလုံး ၄၀၀၀ နှင့် ဆေးထိုးအပ်တို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး အတွင်းရေးမှူး ဦးနေဝင်းတို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

ရေးဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေး၌ ပဒေသာကပွဲနှင့် ပတ်သက်၍ သတ်မှတ်ထားသည့်ရက်အလိုက် ကပြဖျော်ဖြေမည့် အစီအစဉ်များ၊ Logo၊ Theme Song တို့ကို အတည်ပြုပေးရန်နှင့် ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့အစည်းများက တင်ပြထားသည့် အစီအစဉ်များကို အတည်ပြုပေးရန် ရှိပါကြောင်း။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲသည် အနှစ်သာရရှိပြီး တစ်သက်မှာ တစ်ကြိမ်သာဖြစ်သည့်အတွက် အောင်အောင်မြင်မြင်ဖြစ်ရန် လိုအပ်သကဲ့သို့ ပြည်သူများ၏ စိတ်ထဲတွင် လွတ်လပ်ရေး၏ အနှစ်သာရကို စွဲစွဲထင်ထင် ကျန်ရစ်စေလိုပါကြောင်း၊ သမားရိုးကျ ကပြဖျော်ဖြေခြင်းထက် ထူးခြားသည့် သရုပ်ဖော်မှုများဖြင့် ပြည်သူလူထုနှစ်သက်သဘောကျပြီး ပြည်သူပြည်သားများအားလုံး အမျိုးသားရေးစိတ်များ ပေါ်ထွန်းလာစေကာ နိုင်ငံ့အတွက် အကျိုးဖြစ်ထွန်းစေမည့် စိတ်ခံစားမှုရရှိပါက ပဒေသာကပွဲ ကျင်းပရကျိုးနပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပဒေသာကပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် မိမိတို့ဌာနက အစွမ်းကုန် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကပြမည့် သဘင်အဖွဲ့များလည်း အသင့်ဖြစ်နေပြီဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က လဟာပြင်ကဇာတ်ရုံနှင့် ပတ်သက်၍ လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပဒေသာကပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပဒေသာကပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ လျာထားချက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ယခုအစည်းအဝေး ဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ငါးရက်ကြာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ၍ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များဖြင့် ဖျော်ဖြေတင်ဆက်ကပြမည်ဖြစ်ပြီး နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကပြမည် ဖြစ်ကာ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကပြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး (2nd Technical Working Group Meeting) ကို ဖိုရမ်၏ ၂၀၂၂ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်၍ စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ Hybrid format ဖြင့် ကျင်းပခဲ့သည်။

လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Face to Face တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Virtual Online Platform အသုံးပြု၍ တက်ရောက်ခဲ့ကြကာ ဖိုရမ်အဖွဲ့ဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကော်မရှင်ဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဖိလစ်ပိုင်နိုင်ငံရှိ Plan International အဖွဲ့အစည်းမှ "The Girls' Leadership Index and the APAC Girls'" နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် SEANF နှင့် FORUM–ASIA/ANNI တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ (၁၉) ကြိမ်မြောက် SEANF နှစ်ပတ်လည် အစည်းအဝေး ကျင်းပရေးဆိုင်ရာကိစ္စရပ်များ အစရှိသည့် လူ့အခွင့်အရေးကိစ္စရပ်များကို ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးအပြီးကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က လည်းကောင်း၊ SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂–၂၀၂၆) ၏ ဦးစားပေးကိစ္စရပ်အမှတ် (၂) "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း က လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ Hybrid format ဖြင့် ကျင်းပသွားရန် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ကနဦးသဘောတူညီမှုရရှိခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေးစခန်း၊ ဂြိုဟ်တုမြေပြင်စခန်း၊ Data Center, Call Center နှင့် စက်ခေါင်းစက်ရုံ(အင်းစိန်)တို့ကို စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃၀

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) တိုးကြောင်ကလေးရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေး အခြေစိုက်စခန်း(တောင်ဒဂုံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လှိုင်းနှုန်းစဉ်များ တစ်ခုနှင့်တစ်ခု နှောင့်ယှက်မှုမရှိစေရေး တိုင်းတာစစ်ဆေးပြီး သုံးစွဲသူပြည်သူလူထု စိတ်ချမ်းမြေ့ အဆင်ပြေစေရေး၊ တရားမဝင် လှိုင်းနှုန်းအသုံးပြုသူများမရှိစေရေး၊ လှိုင်းနှုန်းသုံးစွဲမှုဆိုင်ရာ အချက်အလက်များအား စနစ်တကျ မှတ်တမ်းတင်ထားရှိရေး၊ စက်ပစ္စည်းများ ရေရှည်သက်တမ်းစေ့သုံးစွဲနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည်ပြည့်ဝစေရေးတို့ကို အမြဲမပြတ် ကြိုးကြပ်ဆောင်ရွက်ကြရန်မှာကြားကာ ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တိုးကြောင်ကလေး ဂြိုဟ်တုမြေပြင်စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စခန်းအတွင်းတပ်ဆင်ထားရှိသည့် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်းများနှင့် ချိတ်ဆက်ထားသည့်ဆက်ကြောင်းများ၊ ဝေးလံ၍ သွားလာရန် ခက်ခဲသောဒေသများတွင် မိုလ်ဘိုင်းဆက်သွယ်ရေးစနစ်ရရှိရေးအတွက် ချိတ်ဆက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးတည်ချက်ဖြစ်သည့် သုံးစွဲသူများအားထားရသော အော်ပရေတာများဖြစ်စေရေး၊ ဆက်သွယ်ပေးနိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် သာလွန်ကောင်းမွန်မှုတို့အတွက် အထူးအလေးထားဆောင်ရွက်ရေး၊ ပြည်သူလူထုက သုံးစွဲနိုင်သည့် တတ်နိုင်သောနှုန်းထား၊ အခွန်အခများဖြစ်စေရေး၊ စက်ပစ္စည်းများ ရေရှည်ကောင်းမွန်စေရေး၊ ဝေးလံသော ဒေသများအတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် အဓိကကျသဖြင့် နိုင်ငံပိုင် Myanmar Satellite 2 ဆက်ကြောင်းများကိုလည်း အကျိုးရှိရှိအသုံးပြုနိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သိုလှောင်ရုံ(Ware house)သို့ ရောက်ရှိစစ်ဆေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများ သိုလှောင်ထိန်းသိမ်းမှုစနစ်ကို သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျထိန်းသိမ်းရေး၊ ဖြန့်ဖြူးထောက်ပံ့နိုင်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စမ်းချောင်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဟံသာဝတီ Data Center သို့ရောက်ရှိပြီး တာဝန်ရှိသူက လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒေတာစင်တာများသည် သတင်းအချက်အလက်ခေတ်တွင် လွန်စွာအရေးပါသဖြင့် ပြတ်တောက်မှုမရှိ၊ အချိန်ပြည့်အသုံးပြုနိုင်ရေးအတွက် အရန်ဓာတ်အားပေးစက်များ အမြဲကောင်းမွန်နေစေရေး၊ အရန်ဆက်ကြောင်းများဖြင့် ချိတ်ဆက်နိုင်ရေး၊ စက်ပစ္စည်းများ၏ စွမ်းဆောင်မှုအရည်အသွေးများ စံချိန်စံညွှန်းအတိုင်း ကောင်းမွန်စွာအသုံးပြုနိုင်ရေး၊ ဒေတာစင်တာလုံခြုံရေးစီမံချက်နှင့် မီးဘေးလုံခြုံရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရေး၊ ဝန်ထမ်းများ ကျန်းမာရေးသတ်မှတ်စည်းကမ်းများကို တိကျစွာလိုက်နာရေးတို့ကို လမ်းညွှန်မှာကြားပြီးနောက် စက်ခန်းများကို စစ်ဆေးပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား၏ စက်ခေါင်းစက်ရုံ(အင်းစိန်) သို့ ရောက်ရှိပြီး စက်ရုံအထွေထွေမန်နေဂျာက အထက်အကြီးအကဲများ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ စက်ရုံ၏ လုံခြုံရေး၊ စနစ်တကျရှိရေး၊ လေဝင်လေထွက်များ ကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လုပ်ငန်းဆိုင်ရာ မှတ်တမ်းများ စနစ်တကျထားရှိရေး လိုအပ်ချက်များ မှာကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့မီးရထားဆေးရုံ(အင်းစိန်) သို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်းစိန်ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၃၀**

ဒုတိယဝန်ကြီး ဦးဝင်းဖေသည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိကလေးခရိုင်မှ ဦးစီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများက ဝန်ထမ်းရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေချိန်တွင် ဝန်ထမ်းများ၏ လူပုဂ္ဂိုလ် လုံခြုံရေး၊ ရုံး/ဌာနအဆောက်အဦ၊ စက်ယာဉ်ယန္တရားများလုံခြုံရေးအား အထူးဂရုပြုရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာရမည့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ဝန်ထမ်းများအားလုံး ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆) ချက်ကို မလွဲမသွေ လိုက်နာကျင့်သုံးပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းရေးရာ ဆွေးနွေးတင်ပြချက်များကို ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်ခရိုင်၌ ဆောင်းသီးနှံနေကြာ စိုက်ကေပြည့်မီရေး တာဝန်ပေးအပ်

**ကျုံပျော် စက်တင်ဘာ ၃၀**

ပြည်သူများ၏ စားရေရိက္ခာ စားသုံးဆီဖူလုံစွာ ရရှိနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံနေကြာသီးသန့် (သီးထပ်)ဧက ပြည့်မီရေး တာဝန်ပေးအပ်ပွဲကို ကျုံပျော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပသည်။

ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက နိုင်ငံအတွင်း စားသုံးဆီဖူလုံစွာရရှိရေးအတွက် နေကြာသီးနှံကို ပြည်တွင်းတွင် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် ဆီထွက်သီးနှံဖြစ်သည့်အတွက် စနစ်တကျ စိုက်ပျိုးရန်နှင့် လျာထားဧက ပြည့်မီရေးအတွက် တောင်သူများထံ နေကြာစိုက်ပျိုးမှု အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပြီး ဆောင်းသီးနှံနေကြာ တာဝန်ပေးအပ်လွှာများကို မြို့နယ် သုံးခုမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ပေးအပ်သည်။

အဆိုပါ တာဝန်ပေးအပ်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ကျုံပျော်ခရိုင်အတွင်းရှိ ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်တို့မှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကျုံပျော်ခရိုင်အနေဖြင့် ဆောင်းသီးနှံနေကြာ စိုက်ပျိုးရန် သီးသန့် (သီးထပ်) ၁၉၆၆၄ ဧက လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**



# ကျုံပျော်မြို့နယ် မိုးလုံလေလုံအားကစားရုံနှင့် ဘောလုံးအားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၃၀**

ဝန်ထမ်းများအနေဖြင့် ပညာဝမ်းစာပြည့်ဝစေရန် အမြဲတမ်း စာအုပ်စာပေများများ ဖတ်ရှု၍ လေ့လာမှတ်သားသင်ယူကြရန် လိုကြောင်း၊ သို့မှသာ အသိပညာ၊ အတတ်ပညာတိုးပွား၍ ဗဟုသုတနှင့် ပြည့်စုံပြီး အရာရာကို ဝေဖန်ပိုင်းခြားနိုင်သည့် လူတော်လူကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အားကစားလောက ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍမှနေ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခက်အခဲ လိုအပ်ချက်များရှိပါက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြောကြားခဲ့သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယမန်နေ့နံနက် ၈ နာရီခွဲက ရေကြည်မြို့နယ် ဘောလုံးအားကစားကွင်းနှင့်မိုးလုံလေလုံအားကစားခန်းမ အကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျုံပျော်မြို့နယ် မိုးလုံလေလုံအားကစားရုံနှင့် ဘောလုံးအားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားရုံ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ Score Board အသစ်၊ Inner Fencing နှင့် အဝင်ဂိတ်တံခါးများ ပြုလုပ်ပေးသွားမည်ဖြစ်ကာ လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများလည်း ထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံး အခက်အခဲများရှိပါက တင်ပြနိုင်ကြောင်း၊ မိမိအနေဖြင့် အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဓနုဖြူမြို့နယ် ပြည်သူ့အားကစားကွင်းရှိ ဘောလုံးအားကစားကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



# ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများက သီးနှံသားငါးများကို နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးများသို့ လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများက ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရဖြစ်စေသည့် သီးနှံသားငါးများကို နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးများသို့ ရွေ့လျားဈေးရောင်းယာဉ်ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့ညနေပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)သို့ သွားရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သုတေသနခြံများ၊ နည်းပညာပေးလုပ်ငန်းအတွက် စံနမူနာပြစိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများမှ ထွက်ရှိသည့် အခြေခံစားသောက်ကုန်များ၊ ခြံထွက် ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ပျားရည်၊ နို့ထွက်ပစ္စည်းများ၊ ငါး၊ ငါးပိ၊ ငါးခြောက်များကိုလည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ စီစဉ်သတ်မှတ်ပေးသည့် မြို့မဈေးကားရပ်နားကွင်း မြေကွက်လပ်တွင် ရုံးဝန်ထမ်းများ၊ နေပြည်တော်နေပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကြောင့် ဝယ်ယူသူများပြားလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏စီစဉ်မှုဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများမှ ရောင်းချပေးခြင်းကြောင့် သန့်ရှင်း လတ်ဆတ်မှုရှိခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိခြင်းများကြောင့် စားသုံးသူဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် ဝယ်ယူသုံးစွဲရေး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ယင်းပြိုင်ပွဲတွင် အမျိုးသား ၅၀ ကီလိုတန်းတွင် ဗူးသီး(Smart Fight Club)နှင့် ဖွဲ့တံခွန်(ဖွဲ့မြန်မာ)၊ အမျိုးသား ၅၅ ကီလိုတန်းပြိုင်ပွဲတွင် ဩဘာစိန်(ဇာတိမာန်)နှင့် ပြည့်စုံ(Holy Power)၊ ရဲမာန်(YMCA)နှင့် စောလယ်ရဲ(ရိုးရာကျား)၊ နေလင်း(ဖွဲ့မြန်မာ)နှင့် ဘရန်ဆိုင်း (Python)၊ ကျော်လင်းအောင်(BBH)နှင့် ဆလိုင်းမင်းနိုင် (Fighting Fight Club) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ထို့အတူ အမျိုးသား ၆၀-၆၃ ကီလိုတန်းပြိုင်ပွဲတွင် စောခေးယူးထူး(ရိုးရာကျား)နှင့် ဖွဲ့ရန်နိုင်(BBH)၊ ထွန်းလင်းအောင်(ကျားမနိုင်)နှင့် စောစတိဗ်(YANGON FIGHT CLUB)၊ ဂျိုးဂျိုး(BBH)နှင့် ညီရဲခန့်(Yangon Fight Club)၊ မင်းခန့်(လုံးချော)နှင့် စောရှောလမုန်(ရိုးရာကျား)၊ မင်းထက်ကျော်(နဂါးမာန်)နှင့် မျိုးအောင်(RAY)၊ အမျိုးသား ၆၇-၇၀ ကီလိုတန်းပြိုင်ပွဲတွင် ဇော်သက်နောင် (Smart Fight Club) နှင့် မိုက်မိုက်(ဇာတိမာန်)၊ ပိုင်စိုးဦး (Oscar)နှင့် မင်းအောင်ကျော် (STL)၊ အမျိုးသား ၇၃-၇၆ ကီလိုတန်းပြိုင်ပွဲတွင် ဝဏ္ဏကြီး (Transcend) နှင့် ထွန်းမင်းအောင်(ထွန်းထွန်းမင်း)တို့ ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ်တန်း လက်ဝှေ့ပြိုင်ပွဲကျင်းပလာသည်မှာ သုံးပွဲမြောက်ဖြစ်ပြီး ပွဲစဉ်(၁)နှင့် ပွဲစဉ်(၂)တို့တွင် လူငယ်ပြိုင်ပွဲဖြစ်သည်နှင့်အညီ ပရိသတ်များ အကြိုက်တွေ့ခဲ့ကြသည်။ ယခုပြိုင်ပွဲတွင် မြန်မာ့လက်ဝှေ့ကျော် ထွန်းထွန်းမင်း၏ညီဖြစ်သူ ထွန်းမင်းအောင်နှင့် ဆရာဘိုဘိုလှိုင်၏တပည့် ဝဏ္ဏကြီးတို့၏ အထူးစိန်ခေါ်ပွဲပါဝင်ကာ တွဲဆိုင်း ၁၃ ဆိုင်း ထိုးသတ်ကြမည်ဖြစ်၍ အနာဂတ်လက်ဝှေ့ကျော်တို့၏ ထိုးသတ်မှုများကို ပရိသတ်များ အားရဖွယ်မြင်တွေ့ကြရမည်ဖြစ်သည်။

အဆိုပါ 360 Fight Club(III) မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို 360 Sports Facebook Page၊ 360 Sports You Tube Channel နှင့် Channel K ရုပ်သံလိုင်းတို့က တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# သရက်ခရိုင် မြို့နယ်သုံးခု၌ ငွေကျပ်သန်း ၄၇၀၀ ကျော်ဖြင့် ကျေးရွာချင်းဆက် လမ်းတံတားများ ဆောင်ရွက်ပေးနေ

**သရက် စက်တင်ဘာ ၃၀**

သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သရက်ခရိုင်အတွင်းရှိ ကျေးရွာ ၄၀၁ ရွာကို အကျိုးပြုမည့် ကျေးရွာချင်းဆက်လမ်းများနှင့် တံတားလုပ်ငန်းများကို နိုင်ငံတော်မှ ရန်ပုံငွေကျပ်သန်း ၄၇၀၀ ကျော်အသုံးပြုကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါ ဦးစီးဌာနတာဝန်ရှိသူထံမှ သိရသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်နှင့် မြို့ပြကွာဟမှု ကျဉ်းမြောင်းစေရေးအတွက် ရည်ရွယ်၍ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရန်ပုံငွေများလျာထားပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

သရက်ခရိုင်အတွင်း မင်းတုန်း၊ မင်းလှ၊ အောင်လံ မြို့နယ်သုံးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများဖြစ်သည့် ကွန်ကရစ်လမ်း သုံးလမ်း၊ ကတ္တရာလမ်း လေးလမ်း၊ ကျောက်ချောလမ်း နှစ်လမ်း၊ မြေနီလမ်း ၁၇ လမ်းနှင့် မြေသားလမ်း တစ်လမ်း စုစုပေါင်း လမ်းလုပ်ငန်း ၂၇ လမ်း အရှည်မိုင် ၆၀ ဖောက်လုပ်ခြင်းနှင့် ကျေးရွာချင်းဆက် တံတားများဖြစ်သည့် ကွန်ကရစ်တံတား ရှစ်စင်း၊ ဘေလီတံတား တစ်စင်း၊ ရေကျော်ခုနစ်စင်း၊ Box Culvert ၁၄ စင်း စုစုပေါင်း တံတားလုပ်ငန်း ၃၀၊ အရှည် ၂၀၇၈ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅၇၄ ဒသမ ၀၉၈ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၃၂၁၆ ဒသမ ၆၉ သန်း စုစုပေါင်း ငွေကျပ် ၄၇၉၀ ဒသမ ၇၈၈ သန်း အသုံးပြုကာ လုပ်ငန်းတင်ဒါ၊ ပစ္စည်းတင်ဒါစနစ်ဖြင့် ဇူလိုင်လ ပထမပတ်မှ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ယာယီခရိုင်တာဝန်ခံ ဒေါ်ဇာလှိုင်သန်းထံမှ သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ အားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၄၀၁ ရွာ၊ အိမ်ခြေ ၅၈၀၀၀ ကျော်မှ လူဦးရေ ၂၄၀၀၀၀ ခန့်အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။



**မယ်သင်း**

# ခရီးသည်လေယာဉ်ကို ဒီလို လုပ်ဆောင်တာဟာ စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ အေးချမ်းသာယာရေးကိုလိုလားတဲ့ ပြည်သူလူထုရော၊ အဖွဲ့အစည်းတွေအနေနဲ့ပါ ဒီကိစ္စကို ဝိုင်းဝန်းရှုတ်ချဖို့လိုပါတယ်။

**နေပြည်တော်  စက်တင်ဘာ ၃၀**

စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ ပြည်သူများ စီနင်းလိုက်ပါလာသည့် အရပ်ဘက် လေယာဉ်တစ်စင်းကို လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကယားပြည်နယ်မှာ အရင်ကတည်းက KNPP အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ PDF အဖွဲ့ပေါင်းပြီး လွိုင်ကော်မြို့ထဲမှာ မငြိမ်မသက်ဖြစ်အောင်၊ တိုက်ပွဲတွေဖြစ်အောင် ဆောင်ရွက်ခဲ့တာရှိတယ်။ တပ်မတော်အနေနဲ့ လုံခြုံရေးအရ ဆောင်ရွက်ပြီးတဲ့အခါမှာ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေနဲ့ KNPP အဖွဲ့တို့ဟာ လွိုင်ကော်မြို့ကို နှောင့်ယှက်ပစ်ခတ်တာ၊ လွိုင်ကော်လေယာဉ်ကွင်းနားနှောင့်ယှက်ပစ်ခတ်တာတို့ကို လစ်ရင်လစ်သလို အဆက်မပြတ်ဆောင်ရွက်လေ့ရှိတယ်။ ဒီနေ့မှာတော့ ရန်ကုန် – နေပြည်တော် – လွိုင်ကော် – ရန်ကုန် ခရီးစဉ်ပြေးဆွဲနေတဲ့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းက လေယာဉ်အမှတ် XY–AML လေယာဉ်က ၈ နာရီ ၄၅ မိနစ်ခန့်မှာ လွိုင်ကော်လေဆိပ်ကို ဆင်းဖို့လုပ်ပါတယ်။ လေယာဉ်ပေါ်မှာ ခရီးသည် ၆၃ ဦး ပါပါတယ်။ ကျွန်တော်တို့အနေနဲ့ လွိုင်ကော်နဲ့ ခရီးစဉ်အဆက်မပြတ် ပြေးဆွဲနိုင်ရေး ခရီးသွားလုပ်သား




ပြည်သူများ ခရီးသွားလာမှု လွယ်ကူစေရေးအတွက် လေဆိပ်အနီးတစ်ဝိုက်မှာ လုံခြုံရေးတွေယူပြီး ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ လေယာဉ်ဆင်းသက်မယ်ဆိုရင် ဆင်းသက်မှုအဆင့်များအတိုင်း ပြေးလမ်းကို ချဉ်းကပ်ရတာရှိတယ်၊ ကွင်းကို ပတ်ရတာ ရှိတယ်။ လေယာဉ်ဆင်းသက်မှုအတိုင်း လုပ်ဆောင်နေချိန် လေယာဉ်ပြေးလမ်းရဲ့ မြောက်ဘက်လောက်မှာ KNPP, PDF အကြမ်းဖက်အဖွဲ့တွေက လေယာဉ်ကို လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ပစ်ခတ်မှုကြောင့် လေယာဉ်ဘယ်ဘက် ဝမ်းဗိုက်ပိုင်းမှာ လက်နက်ငယ်ကျည် ထိမှန်ခဲ့တာရှိတယ်။ လက်နက်ငယ်ကျည်က လေယာဉ်ဝမ်းဗိုက်ပိုင်းကို ဖောက်ထွက်ပြီး လေယာဉ်ပေါ်မှာရှိတဲ့ ခုံအမှတ် ၁၈ – A မှာ စီးနင်းလိုက်ပါလာတဲ့ ခရီးသည်တစ်ယောက်ရဲ့ ညာဘက်ပါးကို ထိခိုက်ခဲ့တာရှိပါတယ်။ (မစိုးရိမ်ရ) ထိခိုက်ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

"လေယာဉ်ထိခိုက်ခဲ့တာရှိသော်လည်း လေယာဉ်အမှုထမ်းတွေရဲ့ ကြိုးစား ဆင်းသက်မှုကြောင့် လေယာဉ်က လွိုင်ကော်လေဆိပ်မှာ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပါတယ်။ ခရီးသည်ကိုလည်း လွိုင်ကော်မှာရှိတဲ့ ပြည်သူ့ဆေးရုံမှာ ကုသပေးလျက်ရှိပါတယ်။ လေယာဉ်ကတော့ လိုအပ်တဲ့ ပြုပြင်မှုတွေပြုလုပ်ပြီး လွိုင်ကော်ကနေ မနက်ပိုင်းမှာပဲ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်ပါတယ်။ ခရီးသည်လေယာဉ်ကို ဒီလို လုပ်ဆောင်တာဟာ စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ အေးချမ်းသာယာရေးကို လိုလားတဲ့ ပြည်သူလူထုရော၊ အဖွဲ့အစည်းတွေအနေနဲ့ပါ ဒီကိစ္စကို ဝိုင်းဝန်းရှုတ်ချဖို့လိုပါတယ်။ လေယာဉ်တစ်ခုခုဖြစ်သွားရင် ခရီးသွားပြည်သူများပဲ ဒုက္ခရောက်မှာဖြစ်ပါတယ်။ ဒေသခံပြည်သူလူထုရဲ့ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နေတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မနက်ပိုင်းကတည်းကပဲ အချိန်မီသတင်းထုတ်ပြန်ပြီးဖြစ်ပါတယ်။ တချို့ Online ပေါ်မှာ မသမာသူတွေက လေယာဉ်နဲ့ပတ်သက်ပြီး ကောလာဟလသတင်းမျိုးစုံ ထုတ်လွှင့်နေတာရှိပါတယ်။ တပ်မတော်နဲ့ ဒေသခံလုံခြုံရေးအဖွဲ့တွေ အနေနဲ့ကတော့ ခရီးသွားလာမှု မပြတ်တောက်စေရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သောင်းကျန်းသူများ ခိုအောင်းနိုင်တဲ့နေရာတွေကို လိုက်လံရှင်းလင်းလျက်ရှိပါတယ်" ဟု ပြောကြားသည်။

# ဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သွားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမည်

ဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သွားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမည်ဖြစ်ကြောင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း က အောက်ပါအတိုင်း ဖြေကြားထားသည်–

**မေး ။ ။ လွိုင်ကော်မှာ ခရီးသည်လေယာဉ်အပစ်ခံရတာနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ် ဖြေကြားထားတာကို ကြားသိရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ထပ်မံသိချင်တာက ယခုလို ဆိုးရွားရက်စက်တဲ့ လုပ်ရပ်တွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့က ဘယ်လိုဆက်လက် အရေးယူသွားမလဲဆိုတာ ဖြေကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ နိုင်ငံတကာရော၊ ကမ္ဘာမှာပါ ခရီးသည်တင်လေယာဉ်၊ ခရီးသည်တင် ရထား ၊ ခရီးသည်တင် ကား ၊ Public Transportation နဲ့ ပတ်သက်တဲ့လုပ်ငန်းတွေကို အကြမ်းဖက်တိုက်ခိုက်တာက ပြည်သူလူထုကို တိုက်ရိုက်ခြိမ်းခြောက်တာဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်ကို တိုက်ရိုက်အကြမ်းဖက်ဆောင်ရွက်တာဖြစ်ပါတယ်။ လွိုင်ကော်မှာဖြစ်တဲ့ ဖြစ်စဉ်သည် ခရီးသည် ၆၃ ဦး ပါတဲ့ လေယာဉ်ကို ပစ်ခတ်တာဖြစ်ပါတယ်။ ခရီးသည်တင်လေယာဉ်က ရန်ကုန်ကနေထွက်လာတယ်။ ၈ နာရီ ၄၅ မိနစ်ခန့်မှာ လွိုင်ကော်လေဆိပ်ကို ဆင်းသက်ဖို့အတွက် အနိမ့်ပျံသန်းတယ်၊ ကွင်းကိုပတ်ပြီး ပျံရတယ်။ ဒီလိုအချိန်မျိုးမှာ လေယာဉ်ကွင်းရဲ့ မြောက်ဘက်မှာရှိတဲ့ PDF, KNPP အကြမ်းဖက်သောင်းကျန်းသူတွေ နေတဲ့ နေရာကနေဖြတ်ရတယ်။ ဖြတ်ရတဲ့အခါမှာ အောက်ကနေပြီး လက်နက်ငယ်နဲ့ ပစ်ခတ်တာဖြစ်ပါတယ်။ လေယာဉ်ဝမ်းဗိုက်ပိုင်းမှာ ထိခိုက်တာရှိပါတယ် ။ ခရီးသည်တစ်ယောက် ဒဏ်ရာရရှိခဲ့တာရှိပါတယ်။ ဒီကိစ္စ သတင်းထုတ်ပြန်ပြီးနောက်ပိုင်းမှာ ပြည်ဖျက်မီဒီယာတွေက လေဆိပ်မှာပဲ ပစ်ခတ်မှု ဖြစ်ပွားသယောင် ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဘာကြောင့် သူတို့ဒီလိုဆောင်ရွက်ရသလဲဆိုတာ အကြောင်းရှိတယ်။ အများပြည်သူနဲ့ သက်ဆိုင်တဲ့ Public Transportation ကိစ္စမှာ အကြမ်းဖက်မှုသည် ပိုပြီးကြီးမားပြီး ရာဇဝတ်မှု ကြီးမားတယ်ဆိုတာ သိတဲ့အတွက်ကြောင့် သူတို့အနေနဲ့ ဆင်သေတာကို ဆိတ်




သားရေနဲ့ ဖုံးတဲ့ပုံစံမျိုးလိုက်ပြီးလုပ်နေတဲ့ ပုံစံမျိုး ဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဆိုးရွားကြမ်းတမ်းတဲ့ ရက်စက်တဲ့ အကြမ်းဖက်လုပ်ရပ်မျိုးကို လုပ်ဆောင်နေတဲ့သူတွေ၊ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမယ်လို့ ပြောချင်ပါတယ်။

## အမ်းမြို့နယ်၌ နွားထီး ၁၄ ကောင် တရားမဝင် သယ်ဆောင်လာသူ အမျိုးသား ခုနစ်ဦးအား အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခန့်က အမ်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အောင်ကျော်သူ (၂၂) နှစ်၊ စောရွှေမောင်(၅၈)နှစ်၊ မောင်ကျော်(၅၇)နှစ်၊ ဇော်မင်း(၂၉)နှစ်၊ နိုင်လင်းအောင်(၂၅)နှစ်၊ စည်သူအောင်(၂၀)နှစ်နှင့် ဇော်ဝင်းရွှေ(၄၈)တို့ ခုနစ်ဦးသည် နွားထီး ၁၄ ကောင်ကို ဇာဒီမော်ကျေးရွာနှင့် ကိုးကန့်တန်းကျေးရွာကြား တောလမ်းအတိုင်း တရားဝင်သယ်ယူခွင့် အထောက်အထား တစ်စုံတစ်ရာမပါဘဲ သယ်ဆောင်မောင်းနှင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်ကျော်သူပါ ခုနစ်ဦးအား အမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ချောင်းဆုံကျေးရွာ "ရွာဦး" ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၃၀**

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်လျက်ရှိသည့်အပြင် သာသနာပိုင် အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၁ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်တင့်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာရှိ "ရွာဦး" ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရ သက်တော်(၆၀)နှစ် (ဝါတော်) ၂၅ဝါ (ခမည်းတော်) ဦးသက်တင်သည် ဘုန်းကြီးကျောင်းအတွင်း၌ အဆိုပါကျေးရွာနေသူများဖြစ်သည့် မောင်ဖိုးလွင် (၁၈)နှစ် (ဘ)ဦးလှမြင့်၊ ဦးဖိုးလွယ်(၃၀)နှစ် (ဘ)ဦးသာထူးတို့နှင့်အတူရှိနေစဉ် PDF အကြမ်းဖက်သမား ၁၅ ဦးခန့် ရောက်ရှိလာပြီး ဆရာတော်နှင့် ဦးဖိုးလွယ်ပါ သုံးဦးအား ချောင်းဆုံကျေးရွာ၏ အရှေ့ဘက်တောအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး တောစပ်အရောက်၌ ဦးဖိုးလွယ်နှင့် မောင်ဖိုးလွင်တို့အား ပြန်လည်စေလွှတ်ပေးကာ ဆရာတော် ဦးသုန္ဒရအား တောအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၆ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါ ဖြစ်စဉ်များမှ PDF အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် ချောင်းဆုံကျေးရွာ "ရွာဦး" ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရအား ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်

**ကြေညာချက် (၅ / ၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ**
**၃၀ ရက်၊ သောကြာနေ့**

၁။ ယနေ့နံနက်ပိုင်းက ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်ကို ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အကြမ်းဖက်သမားများက လက်နက်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရပါသည်။

၂။ အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် (၆၃)ဦး လိုက်ပါလာပြီး ပစ်ခတ်မှုကြောင့် လေယာဉ်ဝမ်းဗိုက်သို့ ထိမှန်ကာ ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၃။ ယခုကာလသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ကာ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူအားလုံးတို့ ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါသည်။

၄။ ဤသို့သောအချိန်ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်လျက် ပြည်သူများ၏ စိတ်အေးချမ်းသာစွာ ခရီးသွားလာမှုများကို နှောင့်ယှက်လိုသည့်သဘောဖြင့် လက်နက်ကိုင် အကြမ်းဖက်သူများ၏ စစ်ဘက်ဆိုင်ရာ ပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအပေါ် ရည်ရွယ်ချက်ထားပြီး တိုက်ခိုက်ပစ်ခတ်မှုများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ရှုတ်ချကန့်ကွက်ပါကြောင်းနှင့် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်- နေပြည်တော်- လွိုင်ကော်- ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ လေယာဉ်အမှတ် XY-AML ၊ လေယာဉ်အမျိုးအစား ATR – 72 (600) သည် ခရီးသည် ၆၃ ဦး တင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန် လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းစဉ် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်(စိစစ်ဆဲ) ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန် ဖောက်ဝင်ဒဏ်ရာရရှိခဲ့သည်။

နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူများကို မကြာခဏ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နေခြင်းများအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်**

၁။ ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက်ပိုင်းတွင် ခရီးသည် ၆၃ ဦး လိုက်ပါလာသည့် ခရီးစဉ်အမှတ် UB – 149၊ ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်အဖြစ် ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ လေယာဉ်အမှတ် XY – AML၊ လေယာဉ်အမျိုးအစား ATR –72 (600) သည် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရန် လုပ်ငန်းစဉ်များအတိုင်း ပြုလုပ်လျက်ရှိစဉ် လက်နက် (စိစစ်ဆဲ) ဖြင့် ပစ်ခတ်သဖြင့် လေယာဉ်ပေါ် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ အပြစ်မဲ့ပြည်သူများအား အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများ၊ ယခုကဲ့သို့ ပြည်သူအများ ဒုက္ခရောက်စေရန် ကျူးလွန်မှုများအတွက် ယခုဖြစ်စဉ်အပါအဝင် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)**

# မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သတင်းထုတ်ပြန်ချက်(၁/၂၀၂၂)

၁။ စက်တင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ပျံသန်းပြေးဆွဲသော မြန်မာအမျိုးသားလေကြောင်းပိုင် ခရီးသည်လေယာဉ်ကို လေဆိပ်သို့ လေယာဉ်ဆင်းသက်နေစဉ် လက်နက်(စိစစ်ဆဲ) ဖြင့် ပစ်ခတ်ခံရသဖြင့် လေယာဉ်၏ဘယ်ဘက်ဝမ်းဗိုက်ပေါက်ပြီး လေယာဉ်ပေါ်ရှိ ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ကြောင်း သိရပါသည်။

၂။ ခရီးသည်တင်လေယာဉ်သည် စစ်ဘက်ပစ်မှတ်မဟုတ်သဖြင့် ခရီးသည်တင်လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့်အဖွဲ့အစည်းသည် အကြမ်းဖက်မှုကို ကျူးလွန်ခြင်းဖြစ်သဖြင့် ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**

**ရက်စွဲ။ ။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်**

***❄ ကျော၁ဖုံးမှ***

UB – 149 ဖြင့် ရန်ကုန်-နေပြည်တော် - လွိုင်ကော်-ရန်ကုန် ခရီးစဉ်အဖြစ် ပြေးဆွဲသည့် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) မှ လေယာဉ်အမှတ် XY–AML ၊ လေယာဉ်အမျိုးအစား ATR–72(600) သည် ခရီးသည် ၆၃ ဦး တင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန် လေယာဉ်ဆင်းသက်ခြင်း လုပ်ငန်းစဉ်များအတိုင်း လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းစဉ် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူမဆန်စွာ ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် လက်နက် (စိစစ်ဆဲ) ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ဖောက်ဝင် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိခဲ့သည့် ခရီးသည်ကို လွိုင်ကော်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

KNPP/PDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မြန်မာအမျိုးသားလေကြောင်းလိုင်းအား လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့သည့် ပွိုင့်-၁၁၉၅ တည်နေရာပြ (Google) မြေပုံ






ထိခိုက်ဒဏ်ရာရရှိသည့် ခရီးသည်အား ဆေးရုံ၌ ဆေးကုသပေးစဉ်။



လက်နက်ငယ်ကျည်ထိမှန်ဖောက်ဝင်သည့် လေယာဉ်ဝမ်းဗိုက်အပြင်ပိုင်းနှင့်အတွင်းပိုင်း။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့်ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေအင်းရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ သာယာကုန်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်ရှိ ဗုဒ္ဓခြေတော်ရာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာ ရာမကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မန်ကောင်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် စက်တင်ဘာ ၃၀

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ် စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများမှ အရာရှိ၊စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၃၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နေ အောင်ဇော်မြင့်(ခ) စစ်နိုင်သည် ၎င်းအသုံးပြုသည့် “Sit Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက်နေ ခင်ကိုသည် ၎င်းအသုံးပြုသည့် “Khin Ko” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၊ နွားရေတိုက်ကျေးရွာနေ ဆန်းတင့်သည် ၎င်းအသုံးပြုသည့် “San Tint” Facebook အကောင့် တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၃၀**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ(၃-၇) ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ အောက်တိုဘာလ (၈ - ၁၂) ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာ ရှိပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆)ရက်မှ (၈) ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ပေဝက်မှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါ၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုး/ဇလ**

# ဟာရီကိန်းမုန်တိုင်းအီရန် ဖလော်ရီဒါပြည်နယ်တောင်ပိုင်းကို ဝင်ရောက်ခဲ့ရာ ၁၉ ဦးထက်မနည်း သေဆုံး

ဖလော်ရီဒါ စက်တင်ဘာ ၃၀

**ဟာရီကိန်းမုန်တိုင်း အီရန်သည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တောင်ပိုင်းကို ဝင်ရောက်ခဲ့ရာ လူ ၁၉ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အမေရိကန် ရုပ်သံလိုင်းတစ်ခုဖြစ်သည့် စီအင်န်အင်န်တွင် သတင်းဖော်ပြခဲ့သည်။**




ဟာရီကိန်းမုန်တိုင်း အီရန်သည် ဖလော်ရီဒါ ပင်နီဆူလာဒေသကို ဖြတ်ကျော်ခဲ့ပြီး အတ္တလန္တိတ်ကို ဖြတ်၍ မြောက်ဘက်သို့ ရွေ့လျားသွားကြောင်း အမေရိကန်မိုးလေဝသအာဏာပိုင်များက ပြောကြားခဲ့သည်။

ဟာရီကိန်းမုန်တိုင်း အီရန်သည် အဆောက်အဦများကို ဖျက်ဆီးခဲ့ပြီး လမ်းများကို ရေလွှမ်းမိုးနစ်မြုပ်စေခဲ့သည်။ ထို့ပြင် အိမ်ခြေနှစ်သန်းကျော်နှင့် စီးပွားရေးလုပ်ငန်းများတွင်လည်း လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။

ဖလော်ရီဒါ ပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတစ်က သေဆုံးသူအရေအတွက် တိုးလာမည့်အပေါ် စိုးရိမ်ကြောင်းဖော်ပြခဲ့သည်။

ဟာရီကိန်းမုန်တိုင်း အီရန်သည် တောင်ကာရိုလိုင်းနားသို့ မကြာမီကျရောက်မည်ဖြစ်ကြောင်း မိုးလေဝသအရာရှိများက သတိပေးပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အသေခံဗုံးခွဲမှုကြောင့် ၁၉ ဦးထက်မနည်း သေဆုံး၊ ၂၇ ဦး ဒဏ်ရာရရှိ

**ကဘူးလ် စက်တင်ဘာ ၃၀**



အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်၌ ပညာရေးစင်တာတစ်ခုတွင် စက်တင်ဘာ ၃၀ ရက်က အသေခံဗုံးဖောက်ခွဲမှုတစ်ခုကြောင့် ၁၉ ဦးထက်မနည်း သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကျောင်းသားများ စာမေးပွဲအတွက် ပြင်ဆင်နေချိန်တွင် အသေခံ ဗုံးခွဲသမားတစ်ဦးက အဆိုပါ ပညာရေးစင်တာတစ်ခုတွင် လျှပ်တစ်ပြက် တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် ၁၉ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ခါလစ်ဒ် ဇဒ်ရန်က ပြောကြားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ကဘူးလ်မြို့တွင် အလားတူ ပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦး သေဆုံးပြီး ၄၁ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားဆေးဝါးစက်ရုံ ပေါက်ကွဲမီးလောင်၊ တစ်ဦးသေဆုံးပြီး လေးဦးအပြင်းအထန်ဒဏ်ရာရ

**ဆိုးလ် စက်တင်ဘာ ၃၀**

တောင်ကိုရီးယား ဆေးဝါးစက်ရုံတစ်ရုံ၌ မီးလောင်ခဲ့ရာ လူတစ်ဦး သေဆုံးခဲ့ပြီး လေးဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက စက်တင်ဘာ ၃၀ ရက်က ဖော်ပြလိုက်သည်။

မြို့တော် ဆိုးလ်တောင်ဘက် ကီလိုမီတာ ၅၀ ကွာဝေးသည့် ဟွာဆောင်းဒေသရှိဆေးဝါးစက်ရုံ၌ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၂ မိနစ်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။



အဆိုပါ ပေါက်ကွဲမှုကြောင့် မီးလောင်မှုကြီး ဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကာ လေးဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ တခြား ၁၀ ဦးမှာ ဒဏ်ရာ အနည်းငယ်ရရှိခဲ့သည်။

ငါးထပ် အဆောက်အအုံ၏ တတိယထပ်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးသတ်အာဏာပိုင်များသည် မီးလောင်မှုကို ငြိမ်းသတ်ရန် မီးသတ်သမား ၁၀၀ ကျော်၊ မီးသတ်ကား ၁၀ စီး အသုံးပြုခဲ့သည်။ မီးလောင်မှုကို ဒေသစံတော်ချိန် ညနေ ၅ နာရီ ဝန်းကျင်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ **ဆင်ဟွာ**

# စက်တင်ဘာလအတွင်း စပိန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှုနှုန်း ၉ ရာခိုင်နှုန်း ကျဆင်း

**မက်ဒရစ် စက်တင်ဘာ ၃၀**

စပိန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ဩဂုတ်လအတွင်းက ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ စက်တင်ဘာလတွင် ၉ ရာခိုင်နှုန်း ကျဆင်းလာကြောင်း စက်တင်ဘာ ၂၉ ရက်က စပိန်စာရင်းအင်းရုံး(အိုင်အင်န်အီး) မှ ပဏာမထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

စပိန်နိုင်ငံ၌ ဇူလိုင်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းမှာ ၃၈ နှစ် အတွင်း အမြင့်ဆုံးဖြစ်ကာ ၁၀ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ငွေကြေး ဖောင်းပွမှုနှုန်း ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ လျှပ်စစ် ဓာတ်အား၊ လောင်စာဆီနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ လျော့ကျ ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အခြေခံငွေကြေးဖောင်းပွမှုအဆင့်သည် (စွမ်းအင်နှင့် လတ်ဆတ်သောအစားအစာစရိတ်များ မပါဝင်) ဩဂုတ်လတွင် ၆ ဒသမ ၄ ရာခိုင်နှုန်းမှ စက်တင်ဘာလတွင် ၆ ဒသမ ၂ ရာခိုင်နှုန်းသို့ အနည်းငယ် ကျဆင်းလာကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၄၉၇ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၃၀**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက စက်တင်ဘာ ၂၉ ရက် သန်းခေါင်ယံ အချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၈၄၉၇ ဦး ထပ်မံတွေ့ရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၂၄၇၆၉၁၀၁ ဦး ရှိကြောင်း စက်တင်ဘာ ၃၀ ရက်တွင် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၈၈၁ ဦးရှိရာမှ နေ့စဉ်ကူးစက်မှုနှုန်းကျဆင်းလာကြောင်း ကိုရီးယားရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ (ကေဒီစီအေ) က ပြောကြားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရသူ ပျမ်းမျှအရေအတွက်မှာ ၂၉၁၇၅ ဦး ရှိသည်။ အဆိုပါ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ ၂၇၆ ဦးရှိသဖြင့် ပြည်ပပြန် ကူးစက်ခံရသူပေါင်း ၆၇၂၃၇ ဦးရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ရောဂါပြင်းထန်သောအခြေအနေတွင် ရှိနေသူ ၃၅၂ ဦးရှိရာ ယမန်နေ့ကထက် ၁၁ ဦး လျော့နည်းလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်- ၁၉ ကြောင့် ထပ်မံသေဆုံး သူ ၄၂ ဦးရှိရာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၈၄၀၆ ဦးရှိကြောင်း၊ စုစုပေါင်း သေဆုံးမှုနှုန်းမှာ ၀ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ယမကာသုံးစွဲသူဦးရေ သိသိသာသာ ကျဆင်း

**ကိုလံဘို စက်တင်ဘာ ၃၀**

သီရိလင်္ကာနိုင်ငံ၌ ကုန်ဈေးနှုန်းများမြင့်တက်လာမှုကြောင့် ၂၀၂၁ ခုနှစ်မှ ယခုနှစ်အတွင်း အရက်သောက်သုံးသူဦးရေ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကြား လျော့နည်းလာကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ရာဂျက် ဆင်းရမ်ဘာလာပီတီရာက ပြောကြားသည်။

ယမကာသုံးစွဲသူဦးရေ သိသိသာသာကျဆင်းလာခြင်း၏ အဓိကအကြောင်းရင်းမှာ အရက်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက်က အခမ်းအနားတစ်ခုတွင် ၎င်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ လက်ရှိအခွန်သည် အရက်ဈေးနှုန်း၏ ၇၅ ရာခိုင်နှုန်းခန့်ရှိပြီး စီးကရက်မှာ အခွန် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းကြားရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူ အများအပြားက ၎င်းအား ၉၀ ရာခိုင်နှုန်းအထိ မြှင့်တင်ရန် တိုက်တွန်းထားကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။ သီရိလင်္ကာနိုင်ငံသည် အရက်၊ ဆေးရွက်ကြီးနှင့်ပတ်သက်သည့် ရောဂါရှိသူများကို ကုသရန် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၇၄ သန်း ခန့်သုံးစွဲကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၄၅ | ၂၇၆၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၁၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၅ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၄၃၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၄ | ၂၀၁၆ |
| 95 Ron | ၂၀၁၂ | ၂၀၈၆ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၄၂၉ | ၂၅၀၇ |
| HSD (10 ppm) | ၂၄၂၉ | ၂၅၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၄၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၀၉၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၂၆၁၄ ဦးနှင့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၃၁၃၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၈၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၀၄၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ကချင်ပြည်နယ် ပူတာအိုမြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နှင့် တောင်သာမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း (Mask) ၁၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံစာရေးဆရာအသင်း (၃၅) ကြိမ်မြောက် သက်ကြီးစာပေရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီ (၄/၂၀၂၂) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို စာဆိုတော်နေ့ဝန်းကျင်တွင် ရန်ကုန်မြို့၌ အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ပြီး စေတနာရှင်၊ အလှူရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများအနေဖြင့် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅၊ (၇) လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၂၅၂၄၁၇၊ ၀၉_ ၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၃၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၆၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၆၈,၀၅၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၃,၁၆၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၈,၁၂၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၉) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၁) ရက်နေ့မှ (၂၆-၉-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## ဆီဆိုင်မြို့နယ် ဇဝနာရာမစာသင်တိုက်အတွင်းရှိ အောက်ဆီဂျင်စက်ရုံ ကြည့်ရှုစစ်ဆေး

**ဆီဆိုင် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ ဇဝနာရာမစာသင်တိုက်အတွင်းရှိအောက်ဆီဂျင်စက်ရုံသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးနယ်လ်ဆင်လှမြိုင်၊ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးချိုတူးမောင်၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးမျိုးမင်းဆွေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က အောက်ဆီဂျင်စက်လည်ပတ်နေမှု အခြေအနေများနှင့် မြို့နယ်အတွင်းရှိ မိဘပြည်သူများ၏ အောက်ဆီဂျင်လိုအပ်မှုများကို အခမဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံသည် ဆီဆိုင်မြို့ ဇဝနာရာမစာသင်တိုက်ဆရာတော် ဦးကောဝိဒ ဦးစီးဦးဆောင်ကာ မြို့မိ၊ မြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအောက်ဆီဂျင်စက်သည် 5Nm 3/hr အမျိုးအစားဖြစ်၍ တစ်နာရီလျှင် လီတာ ၄၀ ဆံ့ ၁ ဒသမ ၂၅ အိုး ထုတ်ပေးလျက်ရှိကြောင်း၊ တစ်နေ့လျှင် အောက်ဆီဂျင်အိုး အလုံးရေ ၃၀ ထွက်ရှိပြီး မြို့နယ်အတွင်းရှိ မိဘပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အောက်ဆီဂျင်လိုအပ်မှုများကို အချိန်နှင့်တစ်ပြေးညီ အခမဲ့ ဖြည့်ဆည်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**

## နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်

### ရမ်းဗြဲ

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရေးအတွက် စက်တင်ဘာ ၃၀ ရက်က ရမ္မာဝတီမြို့မဈေးလမ်းဆုံနှင့် အမှတ်(၂) ရွှေတုံးတံတားထိပ်လမ်းဆုံ နေရာများသို့ သွားရောက်ပြီး မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ နှာခေါင်းစည်းကမ်ပိန်းပြုလုပ်ခြင်း ဆောင်ရွက်သည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံခြင်းကိုလည်း အကြိမ်ရေပြည့်မီအောင်ထိုးနှံကြရန် တိုက်တွန်းခြင်းများ ပြုလုပ်ပေးကာ နှာခေါင်းစည်း အခုရေ ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

**အောင်နိုင် (ပြန်/ဆက်)**

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုး၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က သုမင်္ဂလာလမ်းမကြီးပေါ်ရှိ နန္ဒဝန်ဈေးရှေ့နှင့် ဈေးအတွင်း၌ ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် ဈေးရောင်းဈေးဝယ်များအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်အပေါ် လိုက်နာကြရန် အသိပညာပေးကြောင်း သိရသည်။

**ထက်ထက်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးနှင့် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature-based Solutions-Nbs) ၏ အခန်းကဏ္ဍ

**သစ်တောမောင်**



စိမ်းစိုနေသော တောအုပ်များကို တွေ့ရစဉ်။

### သဘာဝဘေးအန္တရာယ်များ

ယခုအခါတွင် ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတုပြောင်းလဲမှုများနှင့်အတူ သဘာဝဘေးအန္တရာယ်အမျိုးမျိုး မကြာခဏဖြစ်ပေါ်လျက်ရှိသည်ကို တွေ့နိုင်ပါသည်။ သဘာဝဘေးအန္တရာယ်များဆိုသည်မှာ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ လျှပ်စီးလက်ခြင်း၊ မုန်တိုင်းများ မကြာခဏတိုက်ခတ်ခြင်း၊ ရေခဲများ အရည်ပျော်ခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ အစားအစာနှင့် သောက်သုံးရေရှားပါးလာခြင်းနှင့် ရောဂါဘယများ ထူပြောလာခြင်း စသည်တို့ ပါဝင်ပါသည်။ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော်တဆမှုသို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ ဖြစ်ပေါ်လာသောဘေးအန္တရာယ်များဖြစ်သည်။

### သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများ

လူဦးရေတိုးပွားလာမှုနှင့်အတူ လူသားများ၏ ပယောဂကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့ဖြစ်ပေါ်ကာ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဘာဝဘေးအန္တရာယ်များသည် သဘာဝမျှချေအခြေအနေများပျက်စီးခြင်း၊ မူလဂေဟစနစ်များ တည်ငြိမ်မှုပျက်ပြားခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းတို့ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ငါးနှစ်လျှင်တစ်ကြိမ်ထုတ်ပြန်သော ကမ္ဘာလုံးဆိုင်ရာ သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ ကမ္ဘာ့သစ်တောများ အသားတင်ပျက်စီးဆုံးရှုံးမှုနှုန်းသည် ၁၉၉၀-၂၀၀၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဟက်တာ ၇ ဒသမ ၈သန်း၊ ၂၀၀၀-၂၀၁၀ အတွင်း တစ်နှစ်လျှင် ဟက်တာ ၅ ဒသမ ၂ သန်းနှင့် ၂၀၁၀-၂၀၂၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဟက်တာ ၄ ဒသမ ၇ သန်းအထိ ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အရှေ့တောင်အာရှနိုင်ငံများသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သစ်တောဧရိယာ ဟက်တာ ၉ ဒသမ ၄ သန်းကျော် ပြုန်းတီးခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ မြန်မာနိုင်ငံသည်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ သစ်တောပြုန်းတီးမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ မြန်မာနိုင်ငံ၏ ၂၀၀၀ ပြည့်နှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်း ၁ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းသည် ၀ ဒသမ ၉ ရာခိုင်နှုန်း ပြုန်းတီးခဲ့ပါသည်။

လူဦးရေလျင်မြန်စွာ တိုးပွားလာခြင်းနှင့် ဒေသတွင်းစက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်လာခြင်းတို့သည် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုမှ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ပြဿနာများအဖြစ်သို့ ဆင့်ကဲပြောင်းလဲမှုဖြစ်ပေါ်စေပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) မှ ထုတ်ပြန်ခဲ့သည့် Global Environment Outlook-6 (GEO-6) အစီရင်ခံစာအရ ကမ္ဘာ့အပူချိန်တိုးတက်မှုနှုန်းမှာ လက်ရှိတွင် ၁ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ၂ ဒီဂရီဆဲလ်စီးယပ်စ်နှင့် ၂၁၀၀ ပြည့်နှစ်တွင် ၄ ဒီဂရီဆဲလ်စီးယပ်စ်အထိ ပျမ်းမျှအပူချိန် တိုးလာနိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံစားရနိုင်ပြီး သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာနိုင်ကြောင်း ဖော်ပြထားပါသည်။

> **ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို ဖွံ့ဖြိုးပြီးနိုင်ငံများထက် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုခံစားကြရသည်။ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်အချိန်မီ ရရှိနိုင်မှုမရှိခြင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီးကာကွယ်ရန် ကြိုတင်ပြင်ဆင်နိုင်မှုအားနည်းခြင်း၊ အခြေခံအဆောက်အအုံများ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရည် နည်းပါးခြင်း၊ ပြည်သူများအကြား ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအသိပညာ၊ ဗဟုသုတနည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ပြန်လည်ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခြင်း စသည်တို့ကြောင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက သေကျေပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားပြီး ထိခိုက်ဆုံးရှုံးမှုများပြားကာ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးအပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်ခဲ့**

### လေထုညစ်ညမ်းမှု

ပလတ်စတစ်စွန့်ပစ်မှုဆိုင်ရာ စနစ်တကျစီမံခန့်ခွဲမှုမရှိခြင်းကြောင့် သမုဒ္ဒရာအတွင်းသို့ ပလတ်စတစ်စွန့်ပစ်မှုပမာဏ နှစ်စဉ် တန်ချိန်ရှစ်သန်းခန့် ရောက်ရှိနေကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့လူဦးရေ ခုနစ်သန်းနီးပါးမှာ နှစ်စဉ် အရွယ်မတိုင်မီ သေဆုံးမှုများနှင့် ကြုံတွေ့နေရကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှုများ တိုးပွားဖြစ်ပေါ်လျက်ရှိပြီး ကုန်းနေကျောရိုးမဲ့သတ္တဝါ ၄၂ ရာခိုင်နှုန်း၊ ရေချိုနေကျောရိုးမဲ့သတ္တဝါ ၃၄ ရာခိုင်နှုန်းနှင့် ပင်လယ်နေကျောရိုးမဲ့သတ္တဝါ ၂၅ ရာခိုင်နှုန်းတို့မှာ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေမှာ ၁၀ ဘီလီယံအထိ တိုးပွားလာနိုင်သဖြင့် စားနပ်ရိက္ခာလိုအပ်ချက်များမှာလည်း လက်ရှိထက် ၅၀ ရာခိုင်နှုန်း ပိုမိုလာနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ပိုမိုများပြားလာနိုင်ကြောင်း ဖော်ထုတ်ထားပါသည်။

ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများသည် ဒေသန္တရအဆင့်၊ မြို့ပြအဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့်အထိ ကျယ်ပြန့်စွာရှိနေပါသည်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ ဂေဟစနစ်များယိုယွင်းပျက်စီးမှု၊ စက်မှုလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းနှင့် မြို့ပြများရှိ အမှိုက်ညစ်ညမ်းမှု၊ ရေနှင့် မြေဆီလွှာတိုက်စားခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ စွမ်းအင်နှင့် ရေသယံဇာတရှားပါးပြတ်လပ်မှုများကို ဒေသန္တရအဆင့်မှသည် နိုင်ငံအဆင့်အထိ ကြုံတွေ့ရနိုင်ပါသည်။ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ရေကြီးခြင်းနှင့်မိုးခေါင်ခြင်း၊ အက်စစ်မိုးရွာသွန်းခြင်း၊ အိုဇုန်းလွှာပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျင်မြန်စွာပျက်စီးဆုံးရှုံးလာခြင်းတို့သည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအရေးအကြီးဆုံး ပတ်ဝန်းကျင် ပြဿနာများအဖြစ် ရင်ဆိုင်ရလျက်ရှိပါသည်။

### နောက်ဆက်တွဲအကျိုးဆက်များ

၂၀၂၁ ခုနှစ် Emergency Event Database (EM-DAT) ဖော်ပြချက်အရ ကမ္ဘာတစ်ဝန်းရှိ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည့် ဆိုးရွားသောဖြစ်ရပ်ပေါင်း ၄၃၂ ခုကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ယေဘုယျအားဖြင့် သေဆုံးသူ ၁၀၄၉၂ ဦး ရှိခဲ့ပြီး လူ ၁၀၁ ဒသမ ၈ သန်းကို ထိခိုက်ခဲ့ကာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂၅၂ ဒသမ ၁ ဘီလီယံခန့် စီးပွားရေးဆုံးရှုံးခဲ့ရပါသည်။ အာရှတိုက်သည် အပြင်းထန်ဆုံးထိခိုက်မှုဖြစ်ပြီး သဘာဝဘေးအန္တရာယ်အားလုံး၏ ၄၀ ရာခိုင်နှုန်းကို ခံစားနေရပြီး စုစုပေါင်း သေဆုံးသူဦးရေ၏ ၄၉ ရာခိုင်နှုန်းနှင့် ထိခိုက်ခံစားရသူ စုစုပေါင်း၏ ၆၆ ရာခိုင်နှုန်း ရှိသည်။

### ဆိုင်ကလုန်းမုန်တိုင်းဒဏ်

ဒေသတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များအနက် ၂၀၀၄ ခုနှစ်တွင် အိန္ဒိယသမုဒ္ဒရာ၌ ဖြစ်ပေါ်ခဲ့သော ဆူနာမီ ဒီရေလှိုင်းဒဏ်ကြောင့် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့၌ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သဖြင့် စုစုပေါင်း ၂၂၆၀၀၀ ကျော် သေဆုံးခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် သေကျေပျက်စီးခဲ့ရပါသည်။ မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု လေးသိန်းခန့်နှင့် လူဦးရေ ၁၆ သိန်းကျော် ရေနစ်မြုပ်မှုဒဏ်ခံခဲ့ရပြီး ဆုံးရှုံးမှုပမာဏအလွန်များပြားခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင်လည်း ကမ္ဘာနှင့်တစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အသက်အိုးအိမ်စည်းစိမ်များစွာပျက်စီးဆုံးရှုံးခဲ့ကြသည်ကို တွေ့နိုင်ပါသည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင်ဖြစ်ပေါ်ခဲ့သော ပါကစ္စတန်နိုင်ငံ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၁၀၀ ကျော် သေဆုံးခဲ့ပြီး အိမ်ပေါင်း ၂၈၇၀၀၀ ကျော် အလုံးစုံဆုံးရှုံးပျက်စီးခဲ့ပြီး ၆၆၂၀၀၀ ကျော် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပါသည်။ ရေကြီးရေလျှံမှုများကြောင့် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ကိုရီးယားနိုင်ငံ ဂန်နမ်ခရိုင်နှင့် အနီးပတ်ဝန်းကျင်တွင်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*



မြေပြိုကျမှုများကို စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ပေးနေစဉ်။

**သဘာဝဘေးအန္တရာယ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိရာ သစ်ပင်များ စိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းခြင်းလုပ်ငန်းများသည် အကောင်းဆုံးနှင့် အရိုးရှင်းဆုံးသဘာဝအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature-based Solutions-Nbs) လုပ်ငန်းများ ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများ ပျက်စီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း စသည့်ပြဿနာများကို သစ်တောပြန်လည်တည်ထောင်ခြင်း၊ သစ်တောထိန်းသိမ်းခြင်း နည်းစနစ်အမျိုးမျိုးဖြင့် ဂေဟစနစ်များ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းဖြစ်**

ရွာသွန်းခဲ့သော မိုးရွာသွန်းမှုသည် နှစ်ပေါင်း ၈၀ အတွင်း အများဆုံးဖြစ်ခဲ့ကာ အဆောက်အအုံပေါင်း ၂၈၀၀ ပျက်စီးခဲ့ပြီး ကိုးဦးသေဆုံးခဲ့ပါသည်။ အလားတူပင် ထိုင်းနိုင်ငံ၌ တိုက်ခတ်ခဲ့သော မုန်တိုင်းနှင့် ရေကြီးရေလျှံမှုများကြောင့် ခရိုင် ၂၁ ခုတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး အိမ်ခြေ ၁၉၆၃၀ ထိခိုက်ပျက်စီးခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ပြင်ဦးလွင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ ရန်ကုန်မြို့များတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများသည် ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများနှင့် သဘာဝဘေးအန္တရာယ်များကို ဖွံ့ဖြိုးပြီးနိုင်ငံများထက် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုခံစားကြရသည်။ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက် အချိန်မီရရှိနိုင်မှုမရှိခြင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီးကာကွယ်ရန် ကြိုတင်ပြင်ဆင်နိုင်မှုအားနည်းခြင်း၊ အခြေခံအဆောက်အအုံများ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရည် နည်းပါးခြင်း၊ ပြည်သူများအကြား ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအသိပညာ၊ ဗဟုသုတနည်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ပြန်လည်ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခြင်း စသည်တို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက သေကျေပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားပြီး ထိခိုက်ဆုံးရှုံးမှုများပြားကာ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးအပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များသည် လာမည့်ဆယ်စုနှစ်များတွင် ပိုမိုဆိုးရွားလာနိုင်သဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုကိုမှီခိုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဂေဟစနစ် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မှီခိုနေကြရသည့် ပြည်သူများအတွက် စိန်ခေါ်မှုများ ဖြစ်ပါသည်။

### သဘာဝကိုအခြေပြုသော ဖြေရှင်းခြင်း နည်းလမ်းများ (Nature–based Solutions–Nbs)

သဘာဝကို အခြေခံသောဖြေရှင်းခြင်းနည်းလမ်းများသည် ဂေဟစနစ်ပြန်လည်ကောင်းမွန်လာစေပြီး ရာသီဥတုပြောင်းလဲမှုနှင့် မြေအသုံးချမှုပြောင်းလဲခြင်းများ၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ၊ သက်ရောက်မှုများကို လိုက်လျောညီထွေဖြစ်စေရန် ထိန်းညှိပေးသော ယန္တရားလုပ်ငန်းစဉ် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့်ပတ်သက်သည့် လူ့အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်၍ လိုက်လျောညီထွေစွာရင်ဆိုင်နိုင်ပြီး လူသားများ ကျန်းမာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ အကျိုးကျေးဇူးများကို တစ်ပြိုင်နက်တည်း ထောက်ပံ့ပေးစွမ်းသည့် သဘာဝဂေဟစနစ်များကို ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်စီမံအုပ်ချုပ်ရန်နှင့် ပြန်လည်ထူထောင်ရန် လုပ်ငန်းစဉ်များဖြစ်ပါသည်။

သဘာဝကိုအခြေခံသောဖြေရှင်းခြင်း အယူအဆမူဘောင်သည် အလွန်ကျယ်ပြန့်ပြီး ဂေဟစနစ်ကို အခြေခံသောချဉ်းကပ်မှုအားလုံးနှင့် အကျုံးဝင်ပါသည်။ အင်ဂျင်နီယာလုပ်ငန်းများ၊ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချခြင်းလုပ်ငန်းများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေသယံဇာတထိန်းသိမ်းခြင်း နည်းလမ်းများ၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စီမံအုပ်ချုပ်မှုလုပ်ငန်းနယ်ပယ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားရေးအတွက် အခြေခံသောဖြေရှင်းခြင်း သဘောတရားကိုအခြေခံပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ပါသည်။

ယခုအချိန်ကာလတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်လာခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းရန်ကြိုးပမ်းလျက်ရှိရာ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများထိန်းသိမ်းခြင်းလုပ်ငန်းများသည် အကောင်းဆုံးနှင့် အရိုးရှင်းဆုံး သဘာဝအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature–based Solutions–Nbs) လုပ်ငန်းများဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများ ပျက်စီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း စသည့်ပြဿနာများကို သစ်တောပြန်လည်တည်ထောင်ခြင်း၊ သစ်တောထိန်းသိမ်းခြင်း နည်းစနစ်အမျိုးမျိုးဖြင့် ဂေဟစနစ်များ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းလုပ်ငန်းစဉ်များသည် အဓိကအားဖြင့် သဘာဝထိန်းသိမ်းရေးစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး သီးသန့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သကဲ့သို့ လူ့အဖွဲ့အစည်းဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းမှုများနှင့်အတူပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် အောက်ဖော်ပြပါ လုပ်ငန်းနယ်ပယ်များတွင် ရင်ဆိုင်ရသော စိန်ခေါ်မှုများအား သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများကို အသုံးပြုဆောင်ရွက်နိုင်ပါသည်–

- ❖ ကျွန်းစုများနှင့် ကမ်းရိုးတန်းနေ ဒေသခံပြည်သူများကို လေမုန်တိုင်းဒဏ်နှင့် ရေကြီး ရေလျှံခြင်းမှ ကာကွယ်ပေးနိုင်ရန်နှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု သက်ရောက်မှုများကို လျှော့ချနိုင်ရန် ဒီရေတောများ၊ လေကာတန်းသစ်ပင်များ စိုက်ပျိုးပြီး သဘာဝတံတိုင်းကြီးများအဖြစ် ထိန်းသိမ်းကာကွယ်ခြင်း၊
- ❖ ရေကြီးရေလျှံနိုင်မှု အန္တရာယ်များကို လျှော့ချရန်၊ အစားအစာနှင့်စွမ်းအင်လုံခြုံစိတ်ချစေရန်၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်း၊
- ❖ အပူပိုင်းဒေသများတွင် ရေသယံဇာတ လုံခြုံစိတ်ချရမှု၊ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းများနှင့် ရာသီဥတုပြောင်းလဲမှု သက်ရောက်မှုများကို တုံ့ပြန်နိုင်စွမ်း ပိုမိုတိုးပွားကြံ့ခိုင်စေရန်၊ မိုးခေါင်ရေရှားခြင်းနှင့် သဲကန္တာရ ဖြစ်ထွန်းမှု ကာကွယ်နိုင်ရန်အတွက် သစ်တောများ ပြန်လည်တည်ထောင် ထိန်းသိမ်းခြင်း၊
- ❖ လေအရည်အသွေး တိုးတက်ကောင်းမွန်စေရန်၊ စွန့်ပစ်ရေများ ပြန်လည်သန့်စင်နိုင်ရန်နှင့် မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ရေစီးကြောင်းများနှင့် ရေညစ်ညမ်းမှုများ လျှော့ချရန် မြို့ပြပတ်ဝန်းကျင်တွင် မြို့ပြသစ်တောများ တည်ထောင်ခြင်း၊ ဥယျာဉ်များ၊ ပန်းခြံများ၊ လမ်းဘေးသစ်ပင်များစိုက်ပျိုးခြင်းအပါအဝင် အစိမ်းရောင်အဆောက်အအုံများ (Green Infrastru–cture) တည်ဆောက်ခြင်း၊
- ❖ သဘာဝရေထွက်များ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဒေသများတွင် ကွန်တိုစိုက်ပျိုးခြင်းနှင့် သက်ရှိ သစ်ကိုင်းစည်းမြှုပ်ခြင်း၊ သက်ရှိစည်းရိုးငယ်များ ပြုလုပ်ခြင်း၊ ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း၊ သစ်ကိုင်းဖျားသုံးနုန်းထိန်းတမံပြုလုပ်ခြင်း စသည့် ဇီဝအင်ဂျင်နီယာနည်းများဖြင့် ရေဝေရေလဲ ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများ ပါဝင်ပါသည်။

### သဘာဝကိုအခြေခံသောဖြေရှင်းခြင်း လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်း

သဘာဝဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းရာတွင် ကာကွယ်တားဆီးခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ လျှော့ပေါ့သက်သာစေခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းတို့သည် အဓိကကျသည့်အချက်များ ဖြစ်ပါသည်။ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်" ဆိုသည်နှင့်အညီ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ခြင်းလုပ်ငန်းများအတွက် သဘာဝကို အခြေခံသော ဖြေရှင်းခြင်းလုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုထက် များစွာသက်သာမည်ဖြစ်ပြီး ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အောက်ပါလုပ်ငန်းနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ရေရှည်တွင် အကျိုးကျေးဇူးများ ပိုမိုရရှိနိုင်ပါသည်–

(က) စားနပ်ရိက္ခာဖူလုံရေးအတွက် ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ၊

(ခ) ကြံ့ခိုင်သန်စွမ်းသည့် ဂေဟစနစ်များ ဖြစ်ပေါ်လာစေရေးအတွက် ဒီရေတောများ၊ သစ်တောများ၊ သဘာဝသယံဇာတများအား ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲမှုလုပ်ငန်းများ၊

(ဂ) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး အားလုံးပါဝင်နိုင်သော ရေရှည်တည်တံ့သည့် ကျေးရွာများနှင့်မြို့များ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများ၊

(ဃ) ပြည်သူလူထုကျန်းမာရေးနှင့် ချမ်းမြေ့သာယာရေးအတွက် ရာသီဥတုဆိုင်ရာဘေးအန္တရာယ်စီမံခန့်ခွဲခြင်း လုပ်ငန်းများ၊

(င) ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးအတွက် ပညာရေး၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် အမျိုးသားလုံခြုံရေးမူဝါဒများကို ချမှတ်ရာတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများဖြစ်သည့် သဘာဝဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်လာလျက်ရှိသဖြင့် မိမိတို့အနေဖြင့်လည်း ကျယ်ပြန့်သည့် မူဝါဒများကိုချမှတ်၍ စနစ်တကျ အစီအစဉ်များချမှတ်ကာ သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ မှန်ကန်စွာဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရတော့မည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒနှင့် ဆက်စပ်သော ကျယ်ပြန့်သည့်အမြင်ဖြင့် ဆောင်ရွက်ခြင်း၊ ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်း၊ နည်းဥပဒေများနှင့်အညီထိန်းကျောင်းဆောင်ရွက်ခြင်း၊ အမျိုးသားဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို ချိတ်ဆက်ပါဝင်စေခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ပိုမိုခိုင်မာအားကောင်းလာစေခြင်း၊ ပြည်တွင်း/ပြည်ပ၊ အစိုးရ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတွင် ပတ်ဝန်းကျင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ ပိုမိုကျယ်ပြန့်လာနိုင်မည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များနှင့် နောက်ဆက်တွဲအကျိုးဆက်များ လျှော့ချနိုင်ကာ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

## PREMIER LEAGUE ⁝ GAME WEEK 9

ယခု တစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ် (၉) ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယားဦးဆောင်သူ အာဆင်နယ်အသင်းအနေနဲ့ တတိယနေရာက စပါးအသင်းနဲ့ တွေ့ဆုံနေသလို မန်စီးတီးအသင်းကလည်း မြို့ခံပြိုင်ဘက် မန်ယူအသင်းနဲ့ တွေ့ဆုံနေပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး အမှတ်ပေးဇယားအပြောင်းအလဲဖြစ်သွားမလဲဆိုတာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ပွဲစဉ် (၉) မှာ မန်ချက်စတာမြို့ခံနှစ်သင်း အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ



| ပရီမီယာလိဂ်ပွဲစဉ် (၉) | |
|---|---|
| ၁-၁၀-၂၀၂၂ | စနေနေ့ |
| အာဆင်နယ် - စပါး | ည ၆း၀၀ |
| ဘုန်းမောက် - ဘရန့်ဖို့ဒ် | ည ၈း၃၀ |
| ပဲလေ့စ် - ချယ်ဆီး | ည ၈း၃၀ |
| ဖူလ်ဟမ် - ကာဆယ် | ည ၈း၃၀ |
| လီဗာပူး - ဘရိုက်တန် | ည ၈း၃၀ |
| ဆောက်သမ်တန်-အဲဗာတန် | ည ၈း၃၀ |
| ဝက်စ်ဟမ်း - ဝုဖ် | ည ၁၁း၀၀ |
| ၂-၁၀-၂၀၂၂ | တနင်္ဂနွေနေ့ |
| မန်စီးတီး - မန်ယူ | ည ၇း၃၀ |
| လိဒ်စ် - ဗီလာ | ည ၁၀း၀၀ |
| ၃-၁၀-၂၀၂၂ | တနင်္လာနေ့ |
| လက်စတာ - နော်တင်ဟမ်နံနက် | ၁း၃၀ |

## အာဆင်နယ် VS စပါး

| ၁-၁၀-၂၀၂၂ | စနေနေ့ | ည ၆း၀၀ |
|---|---|---|
| အာဆင်နယ်နဲ့ စပါးတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု | | |
| ၁၃-၅-၂၂ ပရီမီယာလိဂ် | **စပါး** ၃-၀ အာဆင်နယ် | |
| ၂၆-၉-၂၁ ပရီမီယာလိဂ် | **အာဆင်နယ်** ၃-၁ စပါး | |

ဒီရာသီမှာ ပုံစံကောင်းပြသပြီး အမှတ်ပေးဇယားကို ဦးဆောင်ထားတဲ့ အာဆင်နယ်က ခြေစွမ်းထက်မြက်နေတဲ့ စပါးအသင်းကို ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် ခြေစွမ်းအမှန်ကို သိခွင့်ရရှိမှာ ဖြစ်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရပြီး စပါးထက် အာဆင်နယ် အသာရဖွယ်ရှိတယ်။

## ဝက်စ်ဟမ်း VS ဝုဖ်

| ၁-၁၀-၂၀၂၂ | စနေနေ့ | ည ၁၁း၀၀ |
|---|---|---|
| ဝက်စ်ဟမ်းနဲ့ ဝုဖ်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု | | |
| ၂၇-၂-၂၂ ပရီမီယာလိဂ် | **ဝက်စ်ဟမ်း** ၁-၀ ဝုဖ် | |
| ၂၀-၁၁-၂၁ ပရီမီယာလိဂ် | **ဝုဖ်** ၁-၀ ဝက်စ်ဟမ်း | |

ရမှတ်လိုအပ်ချက်အရ မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတဲ့ အသင်းနှစ်သင်းတွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါပဲ။ ဝက်စ်ဟမ်းအသင်းခြေစွမ်းမဆိုးပေမယ့် ဝုဖ်အသင်းခြေစွမ်းကလည်း ကောင်းမွန်တာကြောင့် အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိတယ်။

## မန်စီးတီး VS မန်ယူ

| ၂-၁၀-၂၀၂၂ | တနင်္ဂနွေနေ့ | ည ၇း၃၀ |
|---|---|---|
| မန်စီးတီးနဲ့ မန်ယူတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု | | |
| ၆-၃-၂၂ ပရီမီယာလိဂ် | **မန်စီးတီး** ၄-၁ မန်ယူ | |
| ၆-၁၁-၂၁ ပရီမီယာလိဂ် | မန်ယူ ၀-၂ **မန်စီးတီး** | |

မန်စီးတီးအသင်းက ဒီရာသီမှာ တိုက်စစ်၊ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေတာ တွေ့ရတယ်။ မန်ယူအသင်းက နည်းပြတန်ဟတ်လက်ထက်မှာ ကစားပုံကောင်းမွန်ပေမယ့် တိုက်စစ်နဲ့ ခံစစ်ပိုင်းမှာ လိုအပ်ချက်ရှိနေသေးတာ တွေ့ရတယ်။ မန်ယူတိုက်စစ်ပိုင်း အဆုံးသတ်အားနည်းခဲ့ရင် မန်စီးတီးအသင်း အသာရဖွယ်ရှိတယ်။

## လိဒ်စ် VS ဗီလာ

| ၂-၁၀-၂၀၂၂ | တနင်္ဂနွေနေ့ | ည ၁၀း၀၀ |
|---|---|---|
| လိဒ်စ်နဲ့ ဗီလာတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု | | |
| ၁၇-၇-၂၂ ခြေစမ်းပွဲ | **ဗီလာ** ၁-၀ လိဒ်စ် | |
| ၁၁-၃-၂၂ ပရီမီယာလိဂ် | လိဒ်စ် ၀-၃ **ဗီလာ** | |

လိဒ်စ်က ဗီလာအသင်းအထက်မှာ ရပ်တည်နေတယ်ဆိုပေမယ့် ရမှတ်ကွာဟမှုက တစ်မှတ်သာရှိတယ်။ လိဒ်စ်အသင်းက ခံစစ်ပိုင်းကျစ်လျစ်မှုအားနည်းတတ်လေ့ရှိတာကြောင့် ရရှိလာတဲ့ အခွင့်အရေးကို အသုံးချနိုင်ခဲ့ရင် နည်းပြဂျရတ်ရဲ့ ဗီလာအသင်း ရလဒ်ကောင်းရဖွယ်ရှိတယ်။

## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

- ဘာစီလိုနာအသင်းသည် ဝုဖ်အသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား နီဗက်စ် (၂၅နှစ်) ကို ဘတ်ကွက်စ်၏ နေရာအား အစားထိုးခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ရီးရဲမက်ဒရစ်အသင်းသည် မန်စီးတီးအသင်းမှ ပေါ်တူဂီဗဟိုခံစစ်ကစားသမား ကန်ဆယ်လို (၂၈နှစ်) ကို လာမည့်နွေရာသီတွင် ခေါ်ယူသွားဖွယ်ရှိသည်။
- စပိန်တိုက်စစ်ကစားသမား အေဆန်စီယိုသည် ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ငြင်းဆိုလိုက်ပြီးနောက် ဂျူဗင်တပ်စ်၊ အာဆင်နယ်၊ စပါး၊ အေစီမီလန်နှင့် ဘာစီလိုနာအသင်းတို့က အပြိုင်ခေါ်ယူလိုနေသည်။

## ဘဲလင်ဂမ်၏ ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၃၀ သတ်မှတ်



ချယ်ဆီးအသင်းသည် ဒေ့ါမွန်အသင်းမှ အသက် ၁၉ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ဘဲလင်ဂမ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။ အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးကို ဒေ့ါမွန် အသင်းက ပေါင်သန်း ၁၃၀ သတ်မှတ်ထားသည်။ ဘဲလင်ဂမ်ကို ချယ်ဆီးအသင်းအပြင် နာမည်ကြီး လီဗာပူးနှင့် ရီးရဲမက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။




## တယ်လင်းအိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ နာမည်ကြီး ဘင်းဆစ်၊ မာရီယာတို့ တက်ရောက်နိုင်ခဲ့

အက်စ်တိုးနီးယားနိုင်ငံက စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ လက်ခံကျင်းပသည့် တယ်လင်းအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ဘင်းဆစ်သည် ဗြိတိန်တင်းနစ်မယ် ဘော်လ်တာကို ၆-၄၊ ၆-၇ (၂-၇)၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ထို့အပြင် အခြားနာမည်ကြီး ဘရာဇီးတင်းနစ်မယ် မာရီယာက ၁၆ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ် နေ့ာ့စ်ကိုဗာကို ၆-၁၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် ဘင်းဆစ်က ခရိုအေးရှားတင်းနစ်မယ် ဗီကစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မာရီယာက ချက်တင်းနစ်မယ် ဘာဘိုရာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



## အိမ်ရှင်ကာတာကို ဆန့်ကျင်သည့်အနေဖြင့် ကမ္ဘာ့ဖလားတွင် အရောင်ဖျော့သော ဂျာစီကို ဝတ်ဆင်ကစားမည်ဟု ဒိန်းမတ်ဆို

ဒိန်းမတ်အသင်းသည် မကြာမီကျင်းပတော့မည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အိမ်ရှင်ကာတာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ရွှေ့ပြောင်းလုပ်သားများအပေါ် ဆက်ဆံမှုတို့ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အရောင်ဖျော့သော ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဒိန်းမတ်အသင်းအတွက် ဂျာစီဖန်တီးပေးသည့် ဟမ်းမဲလ်ကုမ္ပဏီသည် ဝမ်းနည်းပူဆွေးမှုအထိမ်းအမှတ်ကို ကိုယ်စားပြုရန် အသင်း၏ တတိယမြောက်ဂျာစီကို အနက်ရောင်ဂျာစီဖန်တီးထားကြောင်းနှင့် ဒိန်းမတ်အသင်းဂျာစီ၏ တံဆိပ်ကိုလည်း အရောင်ဖျော့ကာ ပုံဖော်ထုတ်လုပ်ထားကြောင်း သိရသည်။

ဒိန်းမတ်အသင်း၏ အိမ်ကွင်းဂျာစီကို စပွန်ဆာတံဆိပ်များမပါသော အနီရောင်ဖျော့ဖျော့နှင့် ဒုတိယ အဝေးကွင်းဂျာစီကို အဖြူရောင် ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ ထို့အပြင် ဒိန်းမတ်အသင်း၏ လေ့ကျင့်ရေးကွင်း၌ ဝတ်ဆင်ကစားမည့် ဂျာစီစပွန်ဆာလိုဂိုများကိုလည်း ရုပ်သိမ်းသွားမည် ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်သားများသည် ကာတာနိုင်ငံတွင် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

## ဂန်ဒိုဂန်ကို ဘာစီလိုနာအသင်း ခေါ်ယူလို

လာလီဂါနာမည်ကြီး ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ဂန်ဒိုဂန်ကို ခေါ်ယူလိုနေသည်။ အသက် ၃၁ နှစ်အရွယ် ဂန်ဒိုဂန်နှင့် မန်စီးတီးအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသည်။ ကွင်းလယ်ကစားသမား ဂန်ဒိုဂန်သည် မန်စီးတီးအသင်းသို့ ၂၀၁၆-၁၇ ရာသီတွင် ရောက်ရှိလာကာ အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၆၃ ပွဲ ပါဝင်ကစားပြီး ၅၁ ဂိုး သွင်းယူပေးထားနိုင်သည်။

■ မိုးဇက် - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၀-၂၀၂၂ စနေနေ့

**MRTV HD**

- **၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အင်္ဂုလိမာလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** အနာဂတ်၌ပိုမိုအရေးပါလာမည့် စားနပ်ရိက္ခာလုံခြုံရေး
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
- **၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
- **၁၂:၃၀** 'အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့' ဝုဏ်ပြုဇာတ်လမ်း
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်'**လူ့စိတ်လူ့သဘော**'
- **၁၆:၅၀** ရွှေပွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၁၅** ၂၀၂၂ခုနှစ်၊(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဝုဏ်ပြုမှတ်တမ်း
- **၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ စက်တင်ဘာလ)(ပထမပိုင်း)
- **၁၈:၂၀** '**အသက်ထက်မြတ်သောဝုဏ်သိက္ခာ**' ဆိုင်ပြောဇာတ်တော်ကြီး(အပိုင်း-၄)
- **၁၉:၁၅** သုတဝေဖြာသီရိဂေဟာ
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** (၅၈)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဝုဏ်ပြုဇာတ်လမ်း '**ရောင်စဉ်တန်းတို့ ထွန်းတောက်ချိန်**'(အပိုင်း-၄)
- **၂၂:၀၀** (၃၀)**ဖြာမဂ်လာ** (ဦးနန်းဝင်းရေးသားပူဇော် တင်ဆက်သည်)'**တပေါ်**'

**mitv**

- **07:01** Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe) (Full Moon Day of Kahsone)
- **07:11** Weekly Review
- **07:28** Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-1)
- **07:26** Ecstasy of Life
- **07:31** Great Shwedagon - Historic And Mysterious Places
- **08:01** News
- **08:53** Quiz Time
- **10:25** Global Partnership for Brighter Future: Philippines Pavilion at Expo 2020 Dubai
- **10:32** Tobacco Pipe Making Business (Ywar Lut Village)
- **10:38** Listening Pleasure, Instrumental Music (Banjo) Kyama Doe Ywarkalay
- **10:45** Malikha & Fairy Island

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တလာခူးရွာသို့အလည်သွားကြရအောင်

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းတောင်တွင်စီးပွားဖြစ်လာသည့် စတော်ဘယ်ရီစိုက်ပျိုးရေး

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ပဲရင်းထောင်းနဲ့နွားနောက်သားခြောက်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မုယွန်အိုးလုပ်ငန်း

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
မာရ်ငါးပါးဘုရားဖူးကြမယ်

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
စကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကဏန်းချဉ်စပ်ပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
တိုင်းရင်းဆေးရာပွဲလေ့လာသိကောင်းစရာ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဖားဆောင်းမြို့နယ်အတွင်းရှိ အဆင့်မြင့်မော်ချီးသတ္တုတွင်း

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရသေ့ပျံ့ဂူ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကချင်ရိုးရာအစားအစာငါးပေါင်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၁၅** ၂၀၂၂ခုနှစ်၊(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မှတ်တမ်း
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အငေါင်းအသင်း**'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
- **၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
- **၁၁:၃၀** အတွေးအမြင်(အပိုင်း-၇)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
- **၀၇:၀၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- **၀၇:၄၅** ရေအစက်ချစိုက်နည်းစနစ် ဝင်ငွေတိုးမယ့်နည်းလမ်းသစ်
- **၀၈:၄၅** မြန်မာ့ဆီအိုးထဲမှုနမ်း
- **၀၉:၄၅** တစ်နိုင်တစ်ပိုင်ပိုးမွေးမြူရေးလုပ်ငန်း

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal





## မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

## မိုးညှင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မိုးညှင်း စက်တင်ဘာ ၃၀**

မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဆောင်ရွက်မည့် ကျေးရွာသုံးရွာသို့ စီမံကိန်း ရန်ပုံငွေ လွှဲပြောင်း ပေးအပ်ပွဲကို စက်တင်ဘာ ၂၇ ရက်က အဆိုပါရုံး၌ ကျင်းပရာ မိုးညှင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကိုတို့က အမှာစကားပြောကြားပြီး စီမံကိန်းရန်ပုံငွေများကို တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူသည်။

မိုးညှင်းမြို့နယ်အတွင်း စီမံကိန်းများအတွက် ညောင်ကုန်းကျေးရွာ၌ ချေးငွေကျပ် သိန်း ၃၀၀၊ နန့်လှိုင်နှင့် ထန်းတပင်ကျေးရွာတို့၌ ချေးငွေကျပ်သိန်း ၁၀၀ စီဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးမည်ဖြစ်သည်။ **ချစ်ဦးကို**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၆၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၇၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၇၅ ကျပ် | ၂၆၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၆၀ ကျပ် | ၂၇၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၅၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၆၅ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၆၅၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၄ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၂ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၅ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၈၂၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၆၀၀ | ၁၈၂ | ၁၇၃၁၇၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၅၃၆၅ | ၁၉၀၄၅၄၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၁ | ၃၉၂၇၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၃ | ၆၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၁၄၀ | ၃၇၉၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၂၀၀ | ၅၀၀၀ | ၇၅၁ | ၃၈၉၉၈၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ ရွာသာကြီးကျေးရွာအုပ်စု ၊ လက်ခုပ်ပင်ကွင်း၊ ဦးပိုင်အမှတ်(V၃/၁၀)၊ ကွင်းအမှတ်(၁၁၁၄ ခ)၊ (R/H) (လူနေရပ်ကွက်အခေါ်-အမှတ်(၂၃၄)၊ အမှတ် (၂) လမ်းမကြီး၊ ရွာသာကြီးရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အကျယ်အဝန်း ( ၅၀' x ၁၂၀')ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဒေါ်ကျင်ဥ ၁၂/လကန (နိုင်)၁၂၂၉၄၀ အမည်ပေါက် သီးနှံစည်းကြပ်အခွန်ပြေစာထွက်ရှိထားသည့် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား (၁)ဒေါ်လှရီ ၁၂/လကန(နိုင်)၁၂၂၆၉၀ (၂) ဒေါ်ဌေးလှိုင် ၁၂/လကန(နိုင်)၁၂၂၁၄၀ တို့ အပါအဝင် အမွေဆိုင် (၆)ဦးသည် မိမိတို့မှ အမွေဆက်ခံပိုင်ဆိုင်ခွင့် ရှိသည့် မြေကွက်ဖြစ်ကြောင်း၊ မိမိတို့မှ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေဆိုင်နှင့် အခြားအရှုပ်အရှင်း တစ်စုံတစ်ရာ မရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအထောက်အထား များနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နော်ဂျာ ၁/မကန (နိုင်)၂၀၁၀၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၈၀၁၁၈၀၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နော်အောင် ၉/ခအဇ (နိုင်)၀၀၆၂၃၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၄၀၂၈၈၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရန်လင်းအောင် ၁/ဝမန (နိုင်)၀၉၅၈၁၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၃၅၆၃၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနူးနူးပန် ၁/မကတ (နိုင်)၁၄၆၃၂၂၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၆၄၀၂၇၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဘောက်နန် ၁/မကတ (နိုင်)၁၄၆၃၄၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြား ပေးပါရန်။

**ဖုန်း-၀၉-၇၉၄၁၇၈၉၂၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9308 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
### တောင်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၇ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှု အမှတ်-၃၆

ဦးကျန်းကြည်ဟောင် နှင့် ဦးခင်မောင်စိုး
(၎င်း၏အခွင့်ရ ကိုယ်စားလှယ်
ဒေါ်နန်းထွေးကြည်)

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ စန္ဒာလမ်း၊အမှတ် ၈/၄၂၉နေ ဦးခင်မောင်စိုး (ယခုလိပ်စာမသိ)သိစေရမည်။

၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၁၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကျန်းကြည်ဟောင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်နန်းထွေးကြည်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၇ ရက်(၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မိုး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/33275,Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုပြည့်စိုးနိုင် ၉/ပကခ(နိုင်)၀၂၀၀၉၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၃၉၈၈၂, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်သက် ၉/ပမန(နိုင်)၁၂၇၉၄၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/35223, Canda-110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၂၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ -၂၇ တွင်ပါရှိသော ဒေါ်ကေသွယ် ၁၂/သဃက(နိုင်) ၀၀၄၂၀၄အစား ဒေါ်ကေသွယ်ဦး ၁၂/သဃက(နိုင်)၀၀၄၂၀၄ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၁)လမ်း၊ (၂)ရပ်ကွက်၊ အမှတ် (၁၄၂) နေ ဦးနေမြင့် ၁၄/မမန(နိုင်)၀၇၅၈၆၅၊ ဒေါ်စန်းစန်း ၁၄/မမန(နိုင်)၀၄၂၉၅၆တို့၏သား မောင်မြတ်ကိုအောင် ၁၄/မမန(နိုင်)၂၁၄၈၃၂သည် မိဘစကား နားမထောင်ဘဲ နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးနေမြင့်-ဒေါ်စန်းစန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/71933, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြင့်သိန်း ၃/လဘန(နိုင်)၀၇၅၄၀၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/10139, Aolixin-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုလွင် ၅/မမတ(နိုင်)၀၀၃၈၂၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ရေတွင်းဆိပ်ကျေးရွာအုပ်စု၊ ချောင်းဖျားကျေးရွာနေ ဦးသန်းထွန်းလေး ၁၄/ပသရ(နိုင်)၀၈၉၈၉၆(ကွယ်လွန်)၊ နော်အေးသင်း ၁၄/ကကထ(နိုင်)၁၈၄၃၈၁တို့၏သားကြီးဖြစ်သူ မောင်အောင်လင်းဦး(ခ)မောင်အောင်ဖြိုးဦး ၁၄/ကကထ(နိုင်)၂၂၆၄၃၈သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ မိခင်နော်အေးသင်း၏ ဆုံးမသွန်သင်မှုကို မနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၀၂၂ ခုနှစ် ၅လပိုင်းလောက်ကတည်းက နေအိမ်မှ စွန့်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားသူ- (မိခင်) နော်အေးသင်း**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်လဲ့လဲ့ပြုံး(LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၅၄)၊ (၂၀၁၄)**
**အမှတ် (၁/၂)၊ ကျောက်ငူလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၉-၇၇၃၇၇၇၈၀၆**

## ဦးသန်းဇော်ဦး ၅/ရဘန(နိုင်)၁၀၂၀၆၀ သိစေရန် အသိပေးကြေညာခြင်း

လူကြီးမင်း ဦးသန်းဇော်ဦးသည် ကျွန်ုပ်တို့ အောင်ပင်လယ်လယ်ယာနှင့် အထွေထွေ ရောင်းဝယ်ရေးငွေစုငွေချေး သမဝါယမအသင်း၏ အသင်းသားတစ်ဦးဖြစ်ပြီး အသင်းမှ ၅-၅-၂၀၂၁ရက်တွင် ချေးငွေသိန်း(၃၀၀)ရယူသွားခဲ့ပြီး လစဉ်အရင်းအတိုးငွေများကို မှန်မှန်ပေးသွင်းခြင်းမရှိဘဲ အသင်း၏ စည်းမျဉ်းစည်းကမ်းများအား ဖောက်ဖျက်ကာ မပေးသွင်း ပျက်ကွက်လျက်ရှိပါသည်။ လူကြီးမင်းမှ ကျွန်ုပ်တို့ အသင်းထံသို့ ပေးသွင်းရန် ငွေပေါင်းမှာ အသင်း၏ ငွေစာရင်းမှတ်တမ်းအရ ၃-၉-၂၀၂၂ရက်ထိဆိုပါက အရင်းအတိုး စုစုပေါင်းငွေ ၄၁၅၇၅၀၀၀(လေးရာတစ်ဆယ့်ငါးသိန်း ခုနစ်သောင်း ငါးထောင်ကျပ်တိတိ) ဖြစ်နေပါ၍ ၎င်းအတိုးအရင်းငွေကို ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ အသင်းထံ သို့ အမြန်ဆက်သွယ်၍ အပြေအကျေ လာရောက် ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်နိုင်ခြင်းမရှိ ပျက်ကွက်ပါက ကျွန်ုပ်တို့အသင်းမှ ဥပဒေနှင့် အညီ မှန်ဘောင်ပစ္စည်းများကိုလေလံတင်ရောင်းချဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အောင်ပင်လယ်လယ်ယာနှင့် အထွေထွေရောင်းဝယ်ရေး**
**ငွေစုငွေချေး သမဝါယမအသင်း**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ဇရစ်/ခုံဝင်းဒပ်ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ အကွက်အမည်-ဇရစ်အကွက်၊ ဦးပိုင်အမှတ် (၁၂၄)၊ မြေဧရိယာ ၀ဒသမ၀၆၉ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ကလောင်ဆွေလမ်း
(ခ) အနောက်လားသော် - နောက်ဖေးလမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ် (၁၂၃.ခ)
( င) မြောက်လားသော် - ဦးပိုင်အမှတ် (၁၂၅.ခ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးကျော်သူရပါ (၂)ဦးတို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်-

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ ပုဂံပုံကျေးရွာအုပ်စု၊ ဇုက္ကနီ(အလက)ခွဲ G-7 မှ မစိုးမြတ်မေ၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်စိုး ၁၄/မမက(နိုင်)၁၉၄၅၃၀ ဖြစ်ပါကြောင်း။

## ဥတုရာသီ တောကိုမီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင်ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ် (၄) ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့(၄)ရပ်၊ဝိုင်းအကွက်အမှတ် ၂၄၅၊ ဦးကျော်ထွေး PGN-၀၀၂၂၁၀ အမည်ပေါက် ဝိုင်းမြေကွက်အတွက်(ဘ)ဦးရင်ခြောက်၏ သမီးဖြစ်သူ ဒေါ်နန်းကြူကြူထွေး ၁/ကမန(နိုင်)၀၀၀၀၄၁ အမည်ဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော် ငွေရပြေစာစာရွက်အမည် ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်နန်းကြူကြူထွေး ၁/ကမန(နိုင်)၀၀၀၀၄၁သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော် ငွေရပြေစာ စာရွက်ထုတ်ပေးရေး ကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/အရှေ့)၊ မြေကွက်အမှတ် (၁၀၇၈/က)၊ မြေဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၀၇၈/က)၊ (၇)ဈေးလမ်း၊ (၆/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအုန်းတင် ၁၂/သကတ(နိုင်)၀၀၇၃၅၆၊ ဒေါ်ကြွယ် ၁၂/သကတ(နိုင်)၀၁၈၀၈၆ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအုန်းတင်(ဖခင်)နှင့် ဒေါ်ကြွယ်(မိခင်)တို့ အသီးသီးကွယ်လွန်ကြသဖြင့် ဦးမြင့်ဇော် ၁၂/သကတ(နိုင်)၀၁၈၁၀၁၊ ဒေါ်အေးအေးမော် ၁၂/သကတ(နိုင်)၁၂၇၄၆၁တို့မှ သားသမီးအရင်းများတော်စပ်ကြောင်း၊ ကိတ္တိမသားသမီးအဖြစ် မွေးစားထားခဲ့ခြင်းမရှိကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဖခင် ဦးအုန်းတင် သေဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်၊ ဦးအုန်းတင်၏ သေစာရင်းမိတ္တူမှန် ထုတ်ပေးနိုင်ခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အကြောင်းကြားစာ၊ မိခင်သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

လွိုင်လင် စက်တင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ (၁၆) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ကို ယနေ့နံနက်ပိုင်းက အထက(၁)၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာ အောင်ဆန်းဝင်း က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာ စိုင်းအေးလှိုင်က ခွေးရူးရောဂါ ဖြစ်ပွားရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

**ခရိုင်**
**(ပြန်/ဆက်)**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၉ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဇော်ဘီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၈)၊မြေကွက်အမှတ် ၇၃၆၊ မြေဧရိယာ (၄၀'X ၆၀')၊ မြေကွက်တည်နေရာအမှတ် ၆၇၅၊အောင်မေတ္တာလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ဝက်မ ၁၂/သကတ(နိုင်)၀၅၂၉၉၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဝက်မထံမှ ပိုင်ဆိုင်စာချုပ်အမှတ် ၅၆၆/၁၉၉၇(၂၀-၂-၁၉၉၇)ဖြင့် ပိုင်ဆိုင်သူများဖြစ်သော ဦးမြသောင်း၊ ဒေါ်ဝင်းကြည်ထံမှ မြေဧရိယာ (၄၀'X ၆၀')ရှိသည့်အနက် မခွဲမစိတ်ရသေးသော ဧရိယာ (၂၀'X ၆၀')အား အရောင်းအဝယ်စာချုပ်အမှတ် ၁၈၉၇/၁၉၉၈(၂၉-၅-၁၉၉၈)အရ ဝယ်ယူပိုင်ဆိုင်သူ ဦးတင်စိုး ၈/ခမန(နိုင်)၀၁၅၉၂၄ မှ ဂရန်မူရင်း၊ အရောင်း အဝယ်စာချုပ် အမှတ် ၁၈၉၇/၁၉၉၈ ၂၉-၅-၁၉၉၈ ပူးတွဲပိုင်ရှင်နှင့်အတူ ပူးတွဲလျှောက်ထားရန် မဖြစ်နိုင်ကြောင်း ဦးတင်စိုး ၏ ၃၁-၁-၂၀၂၂ရက်စွဲပါ တင်ပြစာတို့တင်ပြ၍ တစ်ဖက်သတ်မြေတိုင်း လျှောက်ထားလာရာကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ် ၂၈၁၃၊ မြေကွက်တည်နေရာအမှတ် (၂၈၁၃)၊ (၆၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဦးအောင်ကျော်(ခ)နေဇော်အောင် ၁၂/ဥကမ(နိုင်)၀၇၀၃၆၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအောင်ကျော်(ခ)နေဇော်အောင် ၁၂/ဥကမ(နိုင်)၀၇၀၃၆၅ သည် ၂၃-၉-၂၀၀၇ရက်တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အေးအေးသန်း ၁၂/ဥကမ(နိုင်)၀၇၀၄၁၅ထံမှ GP-၈၇၈၇/၂၀၁၅ (၁၁-၈-၂၀၁၅)ဖြင့် ရရှိသူ ဦးထွန်းအေး ၁၁/စတန(နိုင်)၀၃၉၈၇၉မှ ဒေါ်အေးအေးသန်း ၁၂/ဥကမ(နိုင်)၀၇၀၄၁၅ သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၂၃၇၀/၂၀၂၂ (၂၅-၇-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့ထိ ပြန်လည်ရုပ်သိမ်း ခြင်းမရှိသေးကြောင်းနှင့် အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ပေးသူ ဒေါ်အေးအေးသန်း ၁၂/ဥကမ(နိုင်)၀၇၀၄၁၅သည်လည်း ယနေ့ထိ သက်ရှိထင်ရှားရှိနေပါကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင် အမှတ်-၂၃၇၃/၂၀၂၂ (၂၅-၇-၂၀၂၂)၊ (၂၃-၉-၂၀၀၇)ရက်တွင် သေဆုံးကြောင်း သေဆုံးမှုမှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း၊ အရောင်းစာချုပ်ချုပ်ဆိုရန်(မြေပုံကူး)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် သကမ၊ လူနေရပ်ကွက်၊ အမှတ် ၁၄၊ မြေကွက်အမှတ် ၃၅/ခ၊ မန္တလေးလမ်း၊ အမှတ် ၃၅/ခ ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် (အလျား ၁၀X အနံ ၆၀)ပေရှိ မြေကွက်အား ပိုင်ဆိုင်သူ ဒေါ်အေးအေးဆွေ ၁၂/အစန(နိုင်)၁၀၇၈၆၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဖြိုးသီဟအောင် ၁၂/ကခက(နိုင်)၁၁၄၀၅၇ နှင့် ဒေါ်ယုယုဝေ ၁၂/လသယ(နိုင်)၀၃၄၈၀၃ ကိုင်ဆောင်သူတို့မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ် ပြုလုပ်သော မြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်မှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သံလွင်သော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၁၀)**
**အမှတ် ၆၉၂/ခ၊ နံ့သာဖြူလမ်း၊ ၁၄ရပ်ကွက်**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၂၈၉၄၂၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၃)၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၃) လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ပထမထပ်ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခိုင်ခိုင်မော် ၁၁/တကန(နိုင်)၀၅၇၃၈၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည့်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်မေမေဇင် (LL.B, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၂၄၅)**
**အမှတ် (၁၀၅၅)၊ အိန္ဒြာ (၉)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၁၅၀၆၂၂၀**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနဒ္ဓဇမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန
## ရုံးအမှတ် ၅၂၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ နေပြည်တော်တွင် စာအုပ်များပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၃-၁၀-၂၀၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီ
တင်ဒါပိတ်ရက်နေ့အချိန် - ၁၇-၁၀-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၄ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်၊ ဖုန်း-၀၆၇၃၄၃၀၁၅၃၊ ၀၆၇၃၄၃၀၁၇၈သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ် (၃၆)၊ (၇၃x၇၄)လမ်း၊ ပျူစော ထီးနှင့် ကျန်စစ်သားလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးပွင့်ကြည် ၉/မရမ(နိုင်)၀၄၅၈၀၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၄၉/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်မိုး ၉/မနတ(နိုင်)၀၅၄၅၀၇က ဦးပွင့်ကြည်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား တို့မှာ ၄ားရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ် (၃၄၇၁/၂၀၂၂-၂၀၂၃)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကိုစိုင်းအောင်စည်ဟိန်း ၁၃/ရစန(နိုင်)၁၀၇၈၄၀ နှင့် အများသိစေရန်ကြေညာချက်




Ananda Tayzar Trading ကုမ္ပဏီတွင် ယာဉ်မောင်းအဖြစ်တာဝန်ထမ်းဆောင်နေသော ကိုစိုင်းအောင်စည်ဟိန်း ၁၃/ရစန(နိုင်)၁၀၇၈၄၀(ဘ)ဦးစိုင်းသန်းထိုက်၁၃/နစန(နိုင်)၀၂၅၈၀၈သည် အထက်ဖော်ပြပါကုမ္ပဏီအမည်ပေါက် ယာဉ်အမှတ်(1L/8279Hijet) အဖြူရောင်ယာဉ်အား ၂၃-၉ -၂၀၂၂ရက်တွင် ရုံးဖယ်ရီပို့ပေးပြီး အချိန် ညနေ၅:၃၀နာရီမှ ၆:၀၀နာရီနောက်ပိုင်းတွင် မော်တော်ယာဉ်ပြန်လည်၍မရောက်ရှိလာသောကြောင့် ဖုန်းဖြင့်ဆက်သွယ်ရာတွင် ဆက်သွယ်၍မရတော့ဘဲ ကိုယ်ကျိုးအတွက် ခိုးယူသွားသောကြောင့် ၂၄-၉-၂၀၂၂ရက်တွင် မရမ်းကုန်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ယာဉ်သက်တမ်းတိုးခြင်းနှင့် ယာဉ်အမည်ပေါက်ပြောင်းလဲခြင်းများကို ခေတ္တရပ်ဆိုင်းထားပေးပါရန် တင်ပြခြင်းများပြုလုပ်ထားပြီးဖြစ်ပါသောကြောင့် မော်တော်ယာဉ်နှင့် လူကိုတွေ့ရှိပါက အကြောင်းကြားပေးပါရန် တောင်းဆိုအပ်ပါသည်။

ဖော်ပြပါမော်တော်ယာဉ်အား တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ananda Tayzar Trading Company**
**ဆက်သွယ်ရန် ဖုန်း-၀၉-၈၇၀၉၀၀၇၇၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၄)၊ ဦးပိုင်အမှတ် (၂၈)၊၇၁x၇၂လမ်း၊ ဆင်ဖြူရှင်နှင့် ဝေသာလီလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်မောင် ၉/မထလ(နိုင်)၁၃၆၅၁၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၅၃၀/၂၀၁၄ ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းအိုက်ချို ၁၃/မကန(နိုင်)၀၁၀၈၆၄ က အမည်ပေါက်သူ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စု ဇယားတို့ ၄ားရမ်းနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ် ၃၄၆၅/၂၀၂၂-၂၀၂၃ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၀၂၁၆, Jialing-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်မာကျော် ၉/လဝန(နိုင်)၀၀၄၁၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/6640, Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၈/ပခက(နိုင်)၂၇၉၉၉၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4745,HINO XZU 411 ,L/T(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်စိန် ၁၃/ကမန(နိုင်)၀၀၁၃၉၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ကျောက်မဲမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/1085, Dong Fen 9 ယာဉ်လက်ဝယ်ရှိသူ ဦးလားလ်ခေါ်ငိုက်ရာ ၅/ကလထ(နိုင်)၂၀၇၈၆၉ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ကလေး)**

## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၂-၂၀၂၃)ဖြင့် တင်ဒါခေါ်ယူခြင်း

